မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၂ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇွန် ၂၆ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၆)၊ အမှတ် (၂၆၄)

ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Rumdas Cheav အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူးများအား တွေ့ဆုံ

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံစစ်သံမှူး Colonel Ngi Vanndim နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Rumdas Cheav တို့အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဂျပန်နိုင်ငံ စစ်သံမှူးများအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံ

နေပြည်တော် ဇွန် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Yoshihiko IZAKI နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Mitsugi SARATANI တို့အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်း ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Yoshihiko IZAKI နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန် ထမ်းဆောင်မည့် Colonel Mitsugi SARATANI တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇွန် ၂၆ ရက်)

ဝန်ထမ်းကျင့်ဝတ်၊ ရဲကျင့်ဝတ်များ ခိုင်မြဲအောင်စောင့်ထိန်း အုပ်ချုပ်ရေးမှူးကောင်း၊ ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်း

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၂၄ ရက်နေ့က နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်အမှာစကားပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်-

"ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးသည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ သဖွယ်ဖြစ်၍ တရားဥပဒေစိုးမိုးမှ ရပ်ရွာအေးချမ်းသာယာမည်ဖြစ်သကဲ့သို့ တိုင်းပြည်အေးချမ်းသာယာမှုလည်း တရားဥပဒေစိုးမိုးမှာဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်မှာ ပြဋ္ဌာန်းထားသည့်ဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို မိမိတို့ကိုယ်တိုင် သိရှိနားလည်ရန် ပထမအချက်အနေနှင့် လိုအပ်ကြောင်း၊ ယင်းအမိန့်များ၊ ညွှန်ကြားချက်များ၊ ဥပဒေများကို မိမိတို့ကိုယ်တိုင် သိရှိနားလည်နေရန် လိုအပ်သကဲ့သို့ ဒုတိယအချက်အနေဖြင့် မိမိတို့ကိုယ်တိုင် တိကျစွာလိုက်နာကြရန်လိုအပ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့နှင့် ရဲတပ်ဖွဲ့များသည် အဆိုပါနိုင်ငံတော်က ထုတ်ပြန်ထားသည့် အမိန့်များ၊ ညွှန်ကြားချက်များ၊ ဥပဒေများကို ပြည်သူများလိုက်နာရန် ထိန်းကျောင်းပေးရသည့်အဖွဲ့ ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကိုယ်တိုင်က လေးစားလိုက်နာရန်လိုကြောင်း"

ဖြင့် ပြောကြားသွားခဲ့သည်။

ရဲတပ်ဖွဲ့၏တာဝန်သည် ဥပဒေဖောက်ဖျက် ကျူးလွန်သူများကို မကျူးလွန်နိုင်အောင် ထိရောက်စွာတားဆီးသွားရန်၊ ပြည်သူများဘေးအန္တရာယ်မရှိအောင် အကာအကွယ်ပေးရန်နှင့် ဥပဒေဖောက်ဖျက် ကျူးလွန်သူများကို ရှာဖွေဖော်ထုတ်ဖမ်းဆီးပြီး တရားရုံးများတွင် တရားစွဲဆိုနိုင်အောင် ကြိုးပမ်းဆောင်ရွက်ရန်တို့ ဖြစ်သည်။

အုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်ကြသည့် တရားသူကြီးများနှင့် ရှေ့နေများသည် ပစ္စည်းသက်သေ၊ လူသက်သေအပြင် ပြစ်မှုကျူးလွန်ရသည့် အဓိကအကြောင်းရင်းများကို စစ်ဆေးဆန်းစစ်ပြီး ထိုက်သင့်သည့်ပြစ်ဒဏ်ကို ကျောသားရင်သားမခွဲခြားဘဲ ချမှတ်သွားကြရမည် ဖြစ်သည်။

အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အုပ်ချုပ်ရေးအဖွဲ့များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့များသည် အရည်အချင်းပြည့်ဝရေး၊ စွမ်းရည်ထက်မြက်ရေး၊ လုပ်ငန်းကျွမ်းကျင်မှုရှိရေးတို့အတွက် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ လေ့ကျင့်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အဆိုပါ အဖွဲ့အစည်းများသည် ဝန်ထမ်းကျင့်ဝတ်၊ ရဲကျင့်ဝတ်များကို ခါးဝတ်ပုဆိုးကဲ့သို့ ခိုင်မြဲအောင် စောင့်ထိန်းလိုက်နာပြီး ပြည်သူချစ်ခင်လေးစားယုံကြည်အားထားရသည့် အုပ်ချုပ်ရေးမှူးကောင်း၊ ရဲတပ်ဖွဲ့ဝင်ကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း သင်္ဃန်းကျွန်း မြို့နယ် သုဝဏ္ဏမြို့၊ သစ်ရာပင် လမ်း အမှတ် (၁၀၉/၂)နေ နှစ်ဖက်သော ဘိုးဘိုး၊ ဘွားဘွားများနှင့် ဖခင်ဦးအောင်ကျော် ထွန်း - မိခင် ဒေါ်ယုယု မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူငွေကျပ်၁၂၀၀၀၀ကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဉက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရေ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း အမှာစကား ပြောကြား

နေပြည်တော် ဇွန် ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၂၃ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားသည်။ (အောက်ပုံ)

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (မွေး/မြူ)

အစီအစဉ်အရ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမြင့်ရွှေက ဝန်ကြီးဌာန၏ ရည်မှန်းချက်လုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှုအခြေအနေများကို လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်က တိရစ္ဆာန်အရင်းအမြစ် တိုးတက်မှုအခြေအနေနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်မှုအခြေအနေများကို လည်းကောင်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်အေးက သဘာဝ မြစ်၊ ချောင်း၊ အင်းအိုင်နှင့်ဆည်များအတွင်း ငါးမျိုးများစိုက်ထည့်ပေးနိုင်မှုနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ ငါး၊ ပုစွန်များ ဖြန့်ဖြူးရောင်းချတင်ပို့နိုင်မှုအခြေအနေများကိုလည်းကောင်း၊ ပျားလုပ်ငန်း ဦးစီးဌာနမှ ဦးမြင့်ရွှေက ပျားရည်နှင့်ပျားထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကို လည်းကောင်း၊ မွေးမြူရေး အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာသန်းရွှေက မျိုးကောင်းမျိုးသန့်တိရစ္ဆာန်များ မွေးမြူထားရှိနိုင်မှုနှင့် တိရစ္ဆာန်ဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု အခြေအနေများကိုလည်းကောင်း၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်မှ ဒေါက်တာ မြင့်သိန်းက ပညာသင်ကြားရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

မြဝတီ ရုပ်မြင်သံကြား

၂၆-၆-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	ပညာခေတ်
၅:၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၃၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၂။	လျှပ်တစ်ပြက်
၇:၀၀	၁၃။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်**(အပိုင်း-၆)
၈:၀၀	၁၄။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၅။	မိုးလေဝသသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	မွေးမြူသုတ
	၁၈။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အထူးရဲ** (အပိုင်း-၁၉)

မူးယစ်ကင်းစင် အလှဆင်

ရန်ကုန်တိုင်း ဒဂုံမြို့နယ် ဘုရားကြီးရပ်ကွက် မင်းကျောင်းလမ်းနေ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ၊ သီရိသုဓမ္မမဏိဇောတဓရ၊ သီဟသုဓမ္မ မဏိဇောတဓရ၊ လူမှုထူးချွန် ဒူးရင်းသီးဦးစိုးမြင့်-ဒေါ်ခင်မာရီ မိသားစုတို့က ဒူးရင်းသီးဦးစိုးမြင့်၏ မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီး အခန်းငယ်တစ်ခန်း အတွက် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက် ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

● ရှေ့ဖုံးမှ

လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး Colonel Ngi Vanndim နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Rumdas Cheav တို့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ စစ်သံမှူး Colonel Ngi Vanndim အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

■ ရှေ့ဖုံးမှ

လက်ခံတွေ့ဆုံ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းနှင့် တပ်မတော်စစ်ဘက်ရေးရာ လုံခြုံရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၆-၆-၂၀၀၇ ရက်
(အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၇:၁၅ ၆။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအစီအစဉ်
- ၁၇:၃၀ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၅၀ ၁၁။ **မြန်မာလိုလုစေချင်သည်** ကြည်စိုး(IC)၊ မျိုးမောင်မောင်သီဟ၊ ရတနာခင်၊ ဝါဝါအောင် (ဒါရိုက်တာ-ရိုးရိုး)
- ၁၉:၀၀ ၁၂။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲ
- ၁၉:၁၀ ၁၃။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ တေးများ
- ၁၉:၂၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သန်းတစ်ရာရွှေအိပ်မက်** (အပိုင်း-၁၁)
- ၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး ဒုတိယချစ်ပုံပြင်** (အပိုင်း-၂၂)
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel Mitsugi SARATANI အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တာဝန်ထမ်းဆောင်ခြင်းပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံစစ်သံမှူး Colonel Yoshihiko IZAKI အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု

အစဉ်အလာထင်ရှား ဂုဏ်ရည်များ မြန်မာအမျိုးသမီးများစွမ်းပကား

မြန်မာအမျိုးသမီးများနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2007

မြန်မာအမျိုးသမီးတို့၏ စိတ်ဓာတ်က ဖြောင့်မတ်တည်ကြည်သည်၊ သတ္တိသွေးက ရဲရင့်နီမြန်းသည်။ ကိုယ်ကျင့်တရားက ရိုးသားဖြူစင်သည်။ အတွေးအခေါ်က ရင့်သန်သည်။ အမြော်အမြင်က ကြီးမားသည်။ အပြောအဆိုက ချိုအေးကြည်သာသည်။ အနေအထိုင် အသွားအလာက လိမ္မာယဉ်ကျေးသည်။ ရိုးရာထုံးဓလေ့ကို ကြည်မွေ့မြတ်နိုးသည်။ ကောင်းကျိုး ဆိုးပြစ်၊ အမှန်အမှားကို ခွဲခြားဝေဖန်နိုင်သည်။ အမျိုးဘာသာ သာသနာကို လေးစားရိုသေသည်။ မြန်မာအမျိုးသမီးတို့သည် ဝံသာနု ရက္ခိတတရားနှင့်အညီ အမျိုးဂုဏ် ဇာတိဂုဏ်တို့ကို စောင့်ရှောက် ထိန်းသိမ်းနိုင်ကြသူများ ဖြစ်ကြပေသည်။

မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ ရင်ပေါင်တန်းကာ စွမ်းဆောင်နိုင်ခဲ့ကြသည်။ ခေတ်အဆက်ဆက်၌ စွမ်းဆောင်ရည် မြင့်မားစွာဖြင့် နိုင်ငံနှင့်လူမျိုးတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးခဲ့ကြ၏။ ယနေ့ မျက်မှောက်ကာလ၌လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားရေး အင်အားစု တစ်ရပ်အနေဖြင့် တက်ကြွစွာ ပါဝင်ထမ်းဆောင်လျက်ရှိသည်။ မိမိအမျိုး ဂုဏ်ဒြပ်ကို အသက်နှင့်ထပ်တူထပ်မျှ စောင့်ထိန်းလိုက်နာကြသည်။ နိုင်ငံ့လက်ရုံး၊ နိုင်ငံ့ပခုံးများအဖြစ် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံ့ဂုဏ်ကို မြှင့်တင်ပေးနိုင်ခဲ့သည်။ "မောင်တစ်ထမ်း၊ မယ်တစ်ရွက်" ဟူသော မြန်မာ့ဆိုရိုးစကား အတိုင်း မိသားစုစိတ်ဓာတ်ဖြင့် ဒိုးတူပေါင်ဖက် သယ်ပိုးဆောင်ရွက်ပေးနေကြခြင်း ဖြစ်သည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ အမျိုးသမီးများကို တန်းတူရည်တူ အခွင့်အရေးများ ပေးထားသည်။ မြန်မာအမျိုးသမီးများကလည်း ကျရာအခန်းကဏ္ဍ၌ သမိုင်းပေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသည်။ အမျိုးသမီးထုကြီး တစ်ရပ်လုံး၏ အစဉ်အလာကောင်းများကို လေးစားဂုဏ်ပြုသောအားဖြင့် **"မြန်မာအမျိုးသမီးများနေ့"** ဟူ၍ ပေါ်ထွန်းလာခဲ့ခြင်း ဖြစ်ပေသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ခုနှစ် ဇူလိုင်လ ၃ ရက်နေ့၌ စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၈ ခုနှစ်၌ နိုင်ငံတော်အစိုးရက အမျိုးသမီးရေးရာကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို **"မြန်မာအမျိုးသမီးများနေ့"**ဟူ၍ ဂုဏ်ပြုသတ်မှတ်ပေးခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာအမျိုးသမီးများကိုယ်တိုင် အမျိုးသမီးကဏ္ဍ ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်ရင်း နိုင်ငံနှင့်လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန်အတွက် မွန်မြတ်မြင့်မားသည့် ရည်ရွယ်ချက်များဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခွင့်ပြုခဲ့ပေသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်များမှာ-

(၁) **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အမျိုးသမီးများအခန်းကဏ္ဍကို မြှင့်တင်ပေးရန်။**

(၂) **အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်။**

(၃) **အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်။**

(၄) **တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့်စိတ်ဓာတ် မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်။**

(၅) **အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရန်။**

(၆) **အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်းပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ် အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်။**

(၇) **အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသား ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်** ဟူ၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် ချမှတ်ထားသော ရည်ရွယ်ချက်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ အမျိုးသားရေးအကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုပြီး ချမှတ်ထားသည့် အခြေခံမူများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်၏။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ချမှတ်ထားသော အခြေခံမူများမှာ-

ရေနံ့သာမောင်ကျော်ညွန့်

(၁) **ဒို့တာဝန်အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက်ရန်ဆိုသည့် "အမျိုးသားရေးဆိုင်ရာ အခြေခံမူ"**

(၂) **ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား ဆောင်ရွက်ရန်ဆိုသည့် "တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ"**

(၃) **ရပ်ရွာအေးချမ်းသာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်ဆိုသည့် "လူမှုရေးဆိုင်ရာ အခြေခံမူ"**

(၄) **အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်ဆိုသည့် "အမျိုးသမီးရေးရာ အခြေခံမူ"တို့ ဖြစ်ပါသည်။**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ချမှတ်ထားသော အခြေခံမူများနှင့်အညီ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းအဖွဲ့(၆)ဖွဲ့ကို ဖွဲ့စည်းပေးထားသည်။ အဆိုပါ လုပ်ငန်းအဖွဲ့(၆)ဖွဲ့မှာ-

(၁) မြန်မာအမျိုးသမီးတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးအတွက် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးအဖွဲ့။

(၂) လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

(၃) အမျိုးသမီးများအား လူနေမှုဘဝမြှင့်တင်ရေးအဖွဲ့။

(၄) တိုင်းရင်းသားရေးရာအဖွဲ့။

(၅) ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးအဖွဲ့။

(၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့တို့ ဖြစ်ပေသည်။

အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့သည် အဖွဲ့ခွဲ(၄)ဖွဲ့ကို ထပ်မံဖွဲ့စည်းပေးပြီး လုပ်ငန်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ထားသည်။ ထိုအဖွဲ့ခွဲ (၄)ဖွဲ့မှာ-

(၁) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်း အဖွဲ့ခွဲ။

(၂) လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်း အဖွဲ့ခွဲ။

(၃) ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်း အဖွဲ့ခွဲ။

(၄) အမျိုးသမီးငယ်/ရွယ် လုပ်ငန်းအဖွဲ့ခွဲတို့ ဖြစ်သည်။ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၌လည်း-

  (၁) ပညာရေးလုပ်ငန်းအဖွဲ့ခွဲ။

  (၂) ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲ။

  (၃) ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်းပြီး လျင်မြန်သွက်လက်စွာ ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အမျိုးသမီးများ၏ ဘဝ လုံခြုံရေးကို ကာကွယ်စောင့်ရှောက်နိုင်ရေးတို့အတွက် အဆင့်ဆင့်သောအဖွဲ့အစည်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများ၏ အရေးအရာကိစ္စများကိုသာမက နိုင်ငံတော်၏အမျိုးသားရေး၊ လူမှုရေးလုပ်ငန်းများတွင်ပါ စိတ်အားတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိရာ လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မြင့်မားကြသည့် မြန်မာတိုင်းရင်းသူအမျိုးသမီးတိုင်း အဖွဲ့ဝင်အဖြစ် ပါဝင်၍ နိုင်ငံတော်၏ အကျိုး သယ်ပိုးဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ပင်မတာဝန်သည် မြန်မာအမျိုးသမီးထုတစ်ရပ်လုံး စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုကို ဖော်ဆောင်ပေးရမည်ဖြစ်သော စည်းရုံးရေးနှင့် ပညာဗဟုသုတဖြန့်ဝေရေး ဖြစ်သည်။ မြန်မာအမျိုးသမီးများ အထူးသဖြင့် မြန်မာအမျိုးသမီးငယ်ရွယ်များ၏ စိတ်ပိုင်းဘဝ တိုးတက်ဖြစ်ထွန်းမှုများကို အမျိုးသားရေး လမ်းကြောင်းပေါ်၌ တည့်မတ်စွာ တိုးတက်ဖြစ်ထွန်းနေစေရန်၊ အတွေးအခေါ် လွဲမှားတိမ်းချော်မှု မရှိစေရန်၊ လမ်းမှားကို မရောက်ရှိစေရန်၊ မသမာသူ အဖျက်သမားတို့၏ သွေးဆောင်ဖြားယောင်းမှုများကို နားမယောင်စေရန် ပညာပေးစည်းရုံးလျက် ရှိသည်။ မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အခွင့်အရေးများ၊ အခွင့်အလမ်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများ အလုပ်အကိုင် အခွင့်အလမ်း စီးပွားရေးဘဝ တိုးတက်ခိုင်မာရေး၊ အမျိုးသမီးများ ဘဝလုံခြုံရေး၊ မိသားစုဘဝ သာယာရေးနှင့် အမျိုးသမီးများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို နည်းလမ်းများ တီထွင်ကြံဆပြီး ကြိုးပမ်းဆောင်ရွက်ပေးနေသည်။

မြန်မာအမျိုးသမီး ငယ်ရွယ်များအကြား မိမိတိုင်းပြည်၊ မိမိလူမျိုး၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများကို မြတ်နိုးလေးစားကာ ထိန်းသိမ်းတတ်သည့် အလေ့အထ ဖြစ်ထွန်းလာစေရန် အလေ့အကျင့်ကောင်းများကို လေ့ကျင့်ပျိုးထောင်ပေးနေသည်။ မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အမြဲမပြတ် ရှင်သန်ထွန်းကား ပြန့်ပွားရေးကို စည်းရုံးပညာပေးလျက်ရှိသည်။ ဝတ်စားဆင်ယင်မှု နိစ္စဓူဝကျင့်ကြံနေထိုင် ပြောဆိုမှုများမှ

စာမျက်နှာ ၅ ကော်လံ ၁ သို့

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရေး၊ အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ် စောင့်ရှောက်နိုင်ရေးတို့အတွက် အဆင့်ဆင့်သော အဖွဲ့အစည်းများကို တစ်နိုင်ငံလုံး ဖြန့်ကြက်လွှမ်းခြုံ ဖွဲ့စည်းထား။

အမျိုးသမီးရေးရာ အဖွဲ့ချုပ်အနေဖြင့် အမျိုးသမီးများ၏အရေးအရာကိစ္စများကိုသာမက နိုင်ငံတော်၏ အမျိုးသားရေး၊ လူမှုရေးလုပ်ငန်းများတွင်ပါ စိတ်အားတက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိရာ လူမှုရေး စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မြင့်မားကြသည့် မြန်မာတိုင်းရင်းသူ အမျိုးသမီးတိုင်း အဖွဲ့ဝင်အဖြစ်ပါဝင်၍ နိုင်ငံတော်၏အကျိုး သယ်ပိုးဆောင်ရွက်နေကြပြီ။

26-6 (04) 1 6/25/07, 2:02 PM

အဆင့်မြင့်မင်္ဂလာဈေး ဈေးပွဲတော်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပတ္တမြားအိမ် ပြပွဲကျင်းပရေးလုပ်ငန်းစုတို့ ပူးပေါင်းကျင်းပသည့် အဆင့်မြင့်မင်္ဂလာဈေး ဈေးပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၉နာရီက အဆိုပါဈေးမုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ဈေးများဌာနဒုတိယ ဌာနမှူး ဒုတိယဗိုလ်မှူးကြီးတင်ကိုကို၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဈေးများဌာန တောင်ပိုင်းခရိုင်မှူး ဦးမောင်မောင်အေးနှင့် ပတ္တမြားအိမ် ပြပွဲ ကျင်းပရေးလုပ်ငန်းစု အုပ်ချုပ်မှု ဒါရိုက်တာ ဦးရဲအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆင့်မြင့်မင်္ဂလာဈေး ဈေးပွဲတော်ကို ဇွန် ၂၄ရက်မှ ၂၈ရက်အထိ နံနက် ၉နာရီမှ ည ၇နာရီအတွင်း လူသုံး၊ အိမ်သုံး၊ အဝတ်အထည်၊ စားသောက်ကုန်နှင့် လျှပ်စစ်ပစ္စည်းမျိုးစုံကို ဆိုင်ခန်းပေါင်း၁၅၀ဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးသွားမည် ဖြစ်သည်။

(က–ပ)

စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်

အစ မိမိတို့၏ ရိုးရာယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာဖြစ်နေသော တိုင်းတစ်ပါးဓလေ့စရိုက်ကို အထင်ကြီး အတုယူမှုများ မဖြစ်ပွားစေရန် ထိန်းသိမ်းပဲ့ပြင်ပေးသည်။ သိမ်မွေ့ယဉ်ကျေးပြီး ဟီရိသြတ္တပ္ပတရားနှစ်ပါးကိုအခြေခံသည့် ဝတ်စားဆင်ယင်၊ ပြောဆိုနေထိုင်မှုများ ဖြစ်ထွန်းနေစေရန် ဦးဆောင်လမ်းပြ သွန်သင်ပေးလျက်ရှိပါသည်။

နိုင်ငံတော်က တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေနိုင်ရေး၊ မူလတန်းပညာအဆင့် သင်ယူပြီးမြောက်သည်အထိ ကျောင်းနေမြဲရေးအတွက် ငွေကြေး၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများကို ပံ့ပိုးလှူဒါန်းပြီး ကူညီထောက်ပံ့ပေးနေသည်။ သက်ကြီးစာမတတ်သူ ပပျောက်ရေးလုပ်ငန်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်း၊ စာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးခြင်းလုပ်ငန်း၊ ကျောင်းပြင်ပပညာရေးလုပ်ငန်း၊ ဝင်ငွေတိုးလုပ်ငန်းနှင့် ကျန်းမာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် အဆင့်ဆင့်ဖွဲ့စည်းထားသော အဖွဲ့အသီးသီးမှ မြန်မာအမျိုးသမီးများက အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်နေခြင်းသည် မြန်မာအမျိုးသမီးများအနေဖြင့် အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေခြင်းပင် ဖြစ်ပေသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာတွင်လည်း မြန်မာအမျိုးသမီးများက ဘက်ပေါင်းစုံ၌ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေကြပါသည်။ မြန်မာအမျိုးသမီးများ၏ ကိုယ်ပိုင်ဂုဏ်ရည်များ မညှိုးမှိန်စေဘဲ ထွန်းတောက်ဝင့်ကြွားနေရန်အတွက် ဦးဆောင်ဦးရွက် ပြုပေးနေသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ချမှတ်ထားသောရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ပေးလျက်ရှိပေသည်။

ထိုရည်ရွယ်ချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ရာ၌ အခြေခံမှုများကို ဦးလည်မသုန်နှလုံးသွင်းပြီး လုပ်ငန်းအဖွဲ့များ၊ လုပ်ငန်းအဖွဲ့ခွဲများ၏ လုပ်ငန်းများ အောင်မြင်နေအောင် ဆောင်ရွက်ပေးနေခြင်းသည် မြန်မာအမျိုးသမီးများ၏ ဘဝ ဖွံ့ဖြိုးစေရန် အကောင်အထည်ဖော်ပေးနေခြင်းဖြစ်သည်။ **"အမျိုးသမီးများဘဝ ဖွံ့ဖြိုးဖို့၊ ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့"** ဟူသည့် ဆောင်ပုဒ်အတိုင်း အမျိုးအနွယ်ကို မြတ်နိုးစောင့်ရှောက်သော၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရအောင် ထာဝစဉ်ထိန်းသိမ်းနေသော မြန်မာအမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးနေရန် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးနေကြရမည် ဖြစ်ပါသတည်း။ ။

သတိပေးနှိုးဆော်ချက်

နေပြည်တော်လမ်းမကြီးများပေါ်တွင် အချို့ယာဉ်မောင်းသူများသည် လမ်းမကြီးများ ကောင်းမွန်ဖြောင့်ဖြူးသည်နှင့် အမျှ သတ်မှတ်အမြန်နှုန်းထက် ပိုမိုမောင်းနှင်ကြကြောင်း တွေ့ရှိရပါသည်။ မိုးရာသီကာလတွင် မြင်ကွင်းကန့်သတ်ချက်ရှိခြင်းကြောင့် ယာဉ်မတော်တဆမှုအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သဖြင့် ယာဉ်မောင်းများအနေဖြင့် သတ်မှတ်အမြန်နှုန်း အတိုင်းသာမောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

ရန်ကင်း ပြည်သာယာ (တာမွေလေး သံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ကမာရွတ်မြို့နယ် ရွှေပုန်းညက်ရိပ်မွန်နေ ဦးမောင်မောင်စိုး–ဒေါ်မာလာ မိသားစုက သား မောင်မျိုးသော်(၁၆)နှစ်မြောက် မွေးနေ့ဒါန အဖြစ် ငွေကျပ် သုံးသိန်းကို ရွှေပြည်ဟိန်း ဆရာတော်၏ ရှေ့မှောက်၌ လှူဒါန်းရာ ဆေးခန်းအထောက်အကူပြုအဖွဲ့ဝင် ကိုအောင်ဇင်ဦး လက်ခံယူစဉ်။ (၁၁၅)

သိက္ခာတော် ကံထပ်မင်္ဂလာနှင့် မွေးနေ့မင်္ဂလာပူဇော်ပွဲ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ မင်္ဂလာတောင်တော်ဦးကျောင်းတိုက် သုံးထပ်ကျောင်းတော်ကြီး ဆရာတော် ဘဒ္ဒန္တသုဇနအား အကြိမ်(၄၀)ပြည့် သိက္ခာတော် ကံထပ်မင်္ဂလာနှင့် မွေးနေ့မင်္ဂလာ ပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့နံနက် ၈နာရီက အဆိုပါကျောင်းတိုက်၌ ကျင်းပရာ ရှေးဦးစွာ ဆရာတော်ဘဒ္ဒန္တသုဇနအား သိက္ခာတော် ကံထပ်မင်္ဂလာကို ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ဆရာတော်ဘဒ္ဒန္တသုဇနထံမှ ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြကာ အလှူရှင်များက ဆရာတော် ဘဒ္ဒန္တသုဇနအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချအမျှဝေ

ယင်းနောက် ဘဒ္ဒန္တသုဇနက ရေစက်ချတရား ဟောကြားပြီး ပရိသတ်တို့က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွားထိုးကြီး၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

နွားထိုးကြီးမြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခြံစည်းရိုး ကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးပွဲကို မြင်းခြံ–မန္တလေး ကားလမ်းဘေး ဝဲယာ၄၂ မိုင်အတွင်းကျင်းပရာ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများတက်ရောက်စိုက်ပျိုးပေးကြသည်။ နွားထိုးကြီးမြို့နယ်တွင် ကြက်ဆူပင် ကေနှစ်သိန်းလေးသောင်းကျော်ကို လျာထားချက်ပြည့်မီရန် ယခုကဲ့သို့ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ကြက်ဆူပင်များ စိုက်ပျိုးခြင်းဖြစ်ကြောင်း သိရသည်။ (၂၂၇)

ရေစကြို မြို့မဈေး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

မကွေးတိုင်း ရေစကြိုမြို့ မြို့မဈေးကြီးပတ်လည်ရှိ ရေနုတ်မြောင်းများအား ဇွန် ၁၃ရက်က ရေစီးရေလာကောင်းမွန်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဖြိုး၊ ဈေးတာဝန်ခံ ဦးတင်ဝင်း၊ ဈေးကြီးကြပ်ရေးမှူး ဒေါ်သင်းမြတ်ကြူနှင့် ဈေးမိဈေးဖ ဦးမင်းနိုင်တို့ ကြီးကြပ်ပြီး ဈေးဌာနစိတ် ဝန်ထမ်းများနှင့် ဈေးသူဈေးသားများက ရေမြောင်းများအတွင်း အမှိုက်သရိုက်နှင့် နုန်းများဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်ကြကြောင်း သိရသည်။ (၂၅၁)

ပျဉ်းမနား စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာရေးဆရာများ တွေ့ဆုံ၊ စာပေရေးရာဆွေးနွေး

ပျဉ်းမနားမြို့ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များနှင့် စာရေးဆရာများတွေ့ဆုံ၍ စာပေရေးရာများ ဆွေးနွေးပွဲကို ဇွန် ၃ရက် နံနက် ၉နာရီက ပျဉ်းမနားမြို့ မြန်မာတိုင်း(မ်) ဂျာနယ်ရုံးခန်းတွင် ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်–စိတ်ပညာ)၊ စာရေးဆရာ ထက်ခေါင်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဦးဝင်းကြည်နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်လွင် (စံကောင်း)နှင့် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး စာရေးဆရာချစ်နိုင်(စိတ်ပညာ)က စာပေရေးရာများ ဆွေးနွေးမှာကြားပြီး စာရေးဆရာ ထက်ခေါင်နှင့် ပါမောက္ခချုပ်ဦးဝင်းကြည်တို့က ဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ နာယကများနှင့် အဖွဲ့ဝင်များက ပြန်လည်တင်ပြဆွေးနွေးကြသည်။ (၀၉၉)

မြန်မာ့အလင်း

ပြည်တွင်း သတင်း အတိုအထွာ

လူမှုရေး လိုအပ်ချက်ရှိသော ကလေးငယ်များ ချောင်းဆုံ၌ ထောက်ပံ့လှူဒါန်း

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ လူမှုရေးလိုအပ်ချက်ရှိသော ကလေးများအား ထောက်ပံ့လှူဒါန်းပွဲကို မေ ၃၀ရက်က သက္ကယ်တောင်(အမက)၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဆွေဆွေမာက အမှာစကားပြောကြားပြီး လူမှုရေးလိုအပ်ချက်ရှိသော ကလေးငယ် ၃၁ဦးကို စာအုပ်နှင့်စာရေးကိရိယာတန်ဖိုးငွေကျပ် ၅၁၇၀၀ကို လှူဒါန်းသည်။

အလားတူ တိုးချဲ့ရပ်ကွက်ရှိ နဝမတန်းကျောင်းသားနှင့် တက္ကသိုလ်ဝင်တန်းကျောင်းသူနှစ်ဦးတို့အား စာရေးကိရိယာနှင့် အဝတ်အစားတန်ဖိုးငွေကျပ် ၁၃၀၀၀ကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ကျန်းမာရေး ပညာပေး ဟောပြောပွဲ ထီးချိုင့်တွင် ကျင်းပ

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့ ကြီးမှူးပြီး ကျန်းမာရေးပညာပေးဟောပြောပွဲ အခမ်းအနားကို မေ ၂၇ရက် မွန်းလွဲ ၁နာရီက ထီးချိုင့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနဦးစီးအရာရှိ ဒေါက်တာဝေလင်းက ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေး ဆောင်ရွက်မှုများကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးကြည်မြိုင်က ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်မှု ဥပဒေများကိုလည်းကောင်း အသိပညာပေး ဟောပြောကြသည်။

အခမ်းအနားတွင် ထီးချိုင့်မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာဝေလင်းက လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ကြက်မွေးမြူရေးလုပ်ငန်း ကြက်ခြံပိုင်ရှင်များ၊ ကြက်ဥနှင့်ကြက်သားရောင်းချသည့် ဈေးသည်များကို ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးကာကွယ်ရေးသုံးပစ္စည်းများ၊ ပညာပေးပိုစတာများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ (မြို့နယ် ပြန်/ဆက်)

ကလေးဝ–မော်လိုက် မြေသားလမ်း စက်ယန္တရားများဖြင့် ဖောက်လုပ်

၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် မထုရှာ–ကလေးဝ–မော်လိုက်လမ်း မြေသားလမ်းတစ်မိုင်အား စက်ယန္တရားများဖြင့် ဖောက်လုပ်နေမှုကို ဇွန် ၁၀ရက်က ကလေးဝမြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးမြင့်အောင်နှင့်အငယ်တန်းအင်ဂျင်နီယာ–၂(မြို့ပြ) ဦးမင်းဝေတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၄၁၇)

ဝန်ကြီးဦးအောင်သောင်း အုတ်စက်ရုံစီမံကိန်း နေပြည်တော်(မင်းကုန်း)စစ်ဆေး

အရည်အသွေးကောင်းအုတ်များ ထုတ်လုပ်ရန်မှာကြား

နေပြည်တော်စီမံကိန်းများသို့ အုတ်ကျက်သိန်း ၁၀၀ကျော် ဖြန့်ဖြူးပေးနိုင်

နေပြည်တော် ဇွန် ၂၅

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့နံနက် ၇ နာရီက မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် မင်းကုန်းကျေးရွာအုပ်စုအနီး မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အုတ်စက်ရုံစီမံကိန်း နေပြည်တော်(မင်းကုန်း)သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား စီမံကိန်းရှင်းလင်းဆောင်၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက အုတ်စက်ရုံစီမံကိန်း အဆောက်အအုံတည်ဆောက်မည့်မြေနေရာ၊ အုတ်ဖြန့်ဖြူးမှုများကို မြေပုံကားချပ်များဖြင့် လည်းကောင်း၊ အုတ်ထုတ်လုပ်မှုနည်းစဉ် ထုတ်လုပ်မှုအဆင့်ဆင့်ကိုလည်းကောင်း၊ စက်ပစ္စည်းတပ်ဆင်မှု၊ အုတ်ညှစ်စက်နှင့် အလိုအလျောက်ဖြတ်စက် လိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ဝန်ကြီးသည် အုတ်ထုတ်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး အုတ်ထုတ်လုပ်မှုအဆင့်ဆင့်ကို လိုက်လံကြည့်ရှုစစ်ဆေးကာ စက်ရုံမှထုတ်လုပ်သော အုတ်များကို အရည်အသွေးကောင်း အုတ်များ ထုတ်လုပ်ရန်မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် အလုပ်ရုံခွဲများ တည်ဆောက်မည့် မြေနေရာများ ပြုပြင်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ဖြန့်ဖြူးပေးနိုင်

အဆိုပါ အုတ်စက်ရုံစီမံကိန်း နေပြည်တော်(မင်းကုန်း)မှ ၂၀၀၆ခုနှစ် ဇူလိုင် ၇ရက်မှ ၂၀၀၇ခုနှစ် ဧပြီအထိ စုစုပေါင်း အုတ်သိန်း ၁၃၀ ထုတ်လုပ်နိုင်ခဲ့ပြီး နေပြည်တော်စီမံကိန်းများသို့ အုတ်ကျက် သိန်း ၁၀၀ ကျော် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာသမဝါယမနေ့

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၇)ရက် (စနေနေ့)

ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ မုဒုံမြို့နယ်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၂၅

မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ၏ စီစဉ်ကြီးကြပ်မှု ဖြင့် ပြည်နယ်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး မြန်မာ့ရုပ်ရှင်လုပ်ငန်းစုမှူး ဦးစိုးမင်းအောင်၊ မွန်ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ အတွင်းရေးမှူး ဦးမြင့်သိန်း၊ မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ဌေးဝင်း၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြင့်ဝင်း၊ အတွင်းရေးမှူး ဦးဇော်ဝင်းနှင့် ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် ဇွန် ၁၇ ရက်က မုဒုံမြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းဆိုင်များ၊ ပြသရုံများ၊ ကာရာအိုကေရုံများ၊ အခွေငှားဆိုင်များနှင့် ရိုက်ကူးရေးဆိုင်တို့ကို ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယို လုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏အမိန့်ညွှန်ကြားချက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ခြင်းရှိ၊ မရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

တိကျစွာလိုက်နာ

ယင်းနောက် အဆိုပါအဖွဲ့ဝင်များသည် မြို့နယ်အတွင်းရှိ ဗီဒီယိုပြသရုံ ၁၀ရုံ၊ ကာရာအိုကေရုံတစ်ရုံ၊ ရိုက်ကူးရေးဆိုင်ခြောက်ဆိုင်နှင့် အခွေအငှားဆိုင် ၇၉ဆိုင်တို့မှ လုပ်ငန်းရှင်များအား မုဒုံမြို့နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီရုံး၌တွေ့ဆုံကြပြီး မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ၏ အမိန့်ညွှန်ကြားချက်များကို တိကျစွာလိုက်နာ၍ မှတ်ပုံတင်အသစ် လဲလှယ်ကာ အခွန်အကောက်များကို မှန်ကန်စွာပေးဆောင်ပြီး စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားကြသည်။

ဖွင့်လှစ်ဆောင်ရွက်

မွန်ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီက မြို့နယ်အတွင်း ရှောင်တခင်စစ်ဆေးမှုများကို ပြုလုပ်ရာ ဗီဒီယိုဥပဒေနှင့် အညီ ဆောင်ရွက်ထားခြင်း မရှိသော ကာရာအိုကေ စားသောက်ဆိုင် လေးဆိုင်ကို အရေးယူပြီး ဥပဒေစည်းမျဉ်း၊စည်းကမ်းနှင့်အညီ မှတ်ပုံတင်၍ ဖွင့်လှစ်ဆောင်ရွက်သွားကြရန် ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်နယ်နှင့် မြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီများ

လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၂၅

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်မှ ကြက်ခြေနီကြီးကြပ်မှု ကော်မတီတို့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်၁၃ရက်က မော်လမြိုင်မြို့ရှိ မွန်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေနှင့် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်သိန်းဟန်တို့က အမှာစကား ပြောကြားကြသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီးများနှင့် မြို့နယ် ရဲတပ်ဖွဲ့မှူးများက မိမိတို့မြို့နယ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ဆဲ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ

ကြရာ မြန်မာနိုင်ငံကြက်ခြေနီအသင်း အကျိုးဆောင်အတွင်းရေးမှူးနှင့် ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေး ဆောင်ရွက်ပေးကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် ပြည်နယ်ရှိ မြို့နယ် ၁၀မြို့နယ်အတွက် ဆေးပစ္စည်းများနှင့် ဝတ်စုံများကို ပြည်နယ်ကြက်ခြေနီတပ်ဖွဲ့မှူး ပြည်နယ် ရဲတပ်ဖွဲ့မှူးက ထောက်ပံ့ပေးအပ်ရာ ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဝင်က လက်ခံကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

၂၀၀၇ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက် (တနင်္ဂနွေနေ့)

ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန

ဘုရင့်နောင်ဈေးကြီး မိသားစု (၆)ကြိမ်မြောက်သွေးလှူဒါန်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး မိသားစုသွေးလှူဒါန်းပွဲ ဖြစ်မြောက်ရေးကော်မတီ ဈေးသာယာရေးအဖွဲ့က ကြီးမှူး၍ (၆)ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဇွန် ၂၁ရက် နံနက် ၁၀နာရီက အဆိုပါ ဈေးသာယာရေးအဖွဲ့ရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဌာနခွဲမှူးဦးအောင်နိုင်ထွေး၊ ဘုရင့်နောင်ဈေးကြီး ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အတွင်းရေးမှူး ဦးမောင်လွင်တို့က သွေးလှူဒါန်းရခြင်း အကြောင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန တာဝန်ခံ ရောဂါဗေဒ ဆရာဝန်ကြီးဒေါက်တာသီတာအောင်က အမျိုးသားသွေးဌာန၌ ပြည်သူများအတွက် သွေးများလက်ခံယူခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

သွေးများလှူဒါန်း

ယင်းနောက် ဈေးသာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် အလုပ်အမှုဆောင်များက (၆)ကြိမ်မြောက် သွေးလှူဒါန်းပွဲတွင် ဈေးသူဈေးသားများ လှူဒါန်းသည့် အလှူငွေကျပ် ၁၅၈၆၇၀၀ကို တာဝန်ခံဆရာဝန်ကြီး ဒေါက်တာသီတာအောင်အား ပေးအပ်လှူဒါန်းပြီး ဈေးသူ ဈေးသား ၃၂၀ က သွေးများ လှူဒါန်းကြသည်။**(ဝဲပုံ)**

ဘုရင့်နောင်ဈေးကြီး ဈေးသူဈေးသားများအနေဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့ (၆)ကြိမ်မြောက်အထိ အလှူငွေကျပ် ၅၅၈၆၇၀၀ ပေးအပ်လှူဒါန်းခဲ့ပြီး ဈေးသူဈေးသားမိသားစုဝင် ၁၄၁၂ ဦးတို့ကသွေးများလှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သစ် တည်ဆောက်ရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် အခြေခံကျ အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိ

လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များက ပူးပေါင်းပါဝင်

ရန်ကုန် ဇွန် ၂၅

ကျောင်းနေအရွယ်ကလေးများ ကျောင်းနေရေးအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေပေးအပ်ပွဲကို ပဲခူးတိုင်း ဖြူးမြို့နယ် ကညွှတ်ကွင်းမြို့ အခြေခံပညာ အထက်တန်းကျောင်းခွဲ ရွှေမေတ္တာခန်းမ၌ ဇွန် ၂၃ ရက် ညနေပိုင်းက ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်အားပေးပြီး အမှာစကားပြောကြားသည်။ (အောက်ပုံ)

ဝိုင်းဝန်းကူညီ

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံကျသော အချက်များဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှ အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဒေသအသီးသီးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အပါအဝင် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် စေတနာရှင်များကလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ကညွှတ်ကွင်းဒေသတွင်လည်း ကျေးရွာအုပ်စု ၂၀တွင် အခြေခံပညာမူလတန်းကျောင်း ၅၆ကျောင်းရှိပြီး ကျောင်းနေရန်အခက်အခဲရှိသူများအား ကျောင်းနေရန် ဝိုင်းဝန်းကူညီဆောင်ရွက်မှုများ ပြုလုပ်နေမှု အပေါ် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ဒေသတွင်းရှိ ရွာသူ ရွာသားများနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ကျန်လူမှုရေးအသင်းဖွဲ့များမှ ရပ်မိရပ်ဖများ၊ စေတနာရှင်များက ပညာရည်မြှင့်တင်ရေးကော်မတီဝင်များနှင့်အတူ ပူးပေါင်း၍ တိုးမြှင့် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းနေအရွယ်ကလေးများ၊ ကျောင်းနေရေး ကော်မတီ အတွင်းရေးမှူး ဖြူးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးတင်ကိုကိုက ကျေးရွာအုပ်စု ၂၀ ရှိ အခြေခံပညာမူလတန်း ကျောင်း ၅၆ ကျောင်းတွင် ကျောင်းနေ အရွယ်ကလေးများကျောင်းနေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အသင်းဝင်များက ကျောင်းဝတ်စုံ၊ ကျောင်းသုံး စာရေးကိရိယာများနှင့်ပညာရည်မြှင့်တင်ရေးရန်ပုံငွေများ ပေးအပ်လှူဒါန်းရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံယူကြသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပဌမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူများအတွက် သင်ရိုးညွှန်းတမ်း ဘာသာစုံ ကျောင်းသင်ခန်းစာ စာအုပ် ၂၅စုံကို လှူဒါန်းရာ ဖြူးမြို့နယ် ပညာရေးမှူး ဒေါ်မြင့်မြင့်သန်းကလက်ခံသည်။

လှူဒါန်း

ယင်းနောက် ဖြူးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဆွေမြင့်၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အမှုဆောင်၊ ရပ်မိ ရပ်ဖများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများ၊ စည်းရုံးရေးမှူးများက ကျောင်းဝတ်စုံ၊ ကျောင်းသုံး စာရေးကိရိယာများနှင့် အလှူငွေများကို အသီးသီးပေးအပ် လှူဒါန်းကြရာ ကျောင်းသားကျောင်းသူများက လက်ခံကြသည်။

ဆက်လက်၍ အလှူရှင်များကိုယ်စား ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက လိုအပ်သည်များကိုမှာကြားပြီး ကျောင်းဝင်းအတွင်း အသစ်ထပ်မံတည်ဆောက်နေသော အလျား ပေ ၁၂၀၊ အကျယ်ပေ ၃၀ ရှိနှစ်ထပ်ကျောင်းဆောင် အောက်ခြေ အုတ်မြစ်စီနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆက်ကပ်လှူဒါန်း

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နတ်မောက်လမ်း အမှတ်(၈၂) မိုးကုတ်ဝိပဿနာကျောင်း မိုးကုတ်ဝိပဿနာ တရားကျင့်စဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏ အဆောင်မှူး ဆရာတော် ဦးပညာလင်္ကာရအား မာန်အောင်ရပ်ကွက် အေးချမ်းသာယာလမ်း၊ အမှတ် 3/C တာမွေမြို့နယ်နေ ဦးလှသန်း မိသားစုက ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင်ကျေးရွာ အမှတ်(၃) လမ်းမကြီး ခြံအမှတ် ၃၊ ပေ ၂၀၀ ပတ်လည်ရှိ စန္ဒာရုံဓမ္မရိပ်သာကျောင်းကို ဆရာတော် ဦးပညာလင်္ကာရအား ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ပညာဒါနသင်တန်းဆင်းပွဲနှင့် ဆရာကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ဆ/ခရပ်ကွက် ရတနာသိဒ္ဓိပရိယတ္တိစာသင်တိုက်တွင် ကျောင်းထိုင်ဆရာတော် အရှင်ရေဝတဦးစီး၍ မေလနှင့် ဇွန်လတို့တွင် အဆင့်မြင့်အင်္ဂလိပ်စကားပြောသင်တန်းကို သင်တန်းမှူးဆရာတော် အရှင်ကဝိဓဇ(B.Com)က တက္ကသိုလ်ဝင်တန်းအောင်မှ ဘွဲ့လွန်အထိ သင်တန်းသား၊ သင်တန်းသူ ၃၀၀ ကျော်ကို တန်းခွဲသုံးစုခွဲ၍ ပညာဒါနအခမဲ့သင်ကြားပေးလျက်ရှိရာ ဇွန် ၃၀ တွင် သင်တန်းဆင်းပွဲနှင့် ဆရာကန်တော့ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ဖွင့်လှစ်သင်ကြားပေးမည်

အဆိုပါ အလားတူသင်တန်းကို နိုဝင်ဘာ ၅ ရက်တွင် ထပ်မံဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့သင်ကြားနိုင်ကြောင်း သိရသည်။ **(က-ပ)**

ZBT Co.,Ltd. Managing Directorဦးလှိုင်ဟိန်း နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ၊ အမှတ်တရလက်ဆောင်ပေး

နေပြည်တော် ဇွန် ၂၅

အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေး (HAPUA-XXIII)နှင့် ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဇွန် ၂၂ ရက် ညပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ညစာစားပွဲအပြီးတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က သက်ဆိုင်ရာ နိုင်ငံများအလိုက် တက်ရောက်လာသည့် ကိုယ်စားလှယ်များအား အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန် ဇွန် ၂၅

ZBT Co.,Ltd. နှင့် The Siam Kubota Industry Co., Ltd. တို့ ပူးပေါင်း၍ ဇွန် ၁၈ ရက် နံနက် ၉ နာရီက Park Royal Hotelခန်းမ၌ Kubotaလက်တွန်းထွန်စက်နှင့် Engineစက်များ ရေရှည်အသုံးပြုနိုင်ရေး အတွက် ထိန်းသိမ်းပြုပြင်မှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပရာ ZBT Co.,Ltd. ၏ Managing Director

ZBT Co.,Ltd. မှ Kubota လက်တွန်းထွန်စက်နှင့် အင်ဂျင်စက်များ ထိန်းသိမ်းပြုပြင်မှုဆိုင်ရာ ရှင်းလင်းပွဲပြုလုပ်

ဦးလှိုင်ဟိန်းနှင့် The Saim Kubota Industry Co.,Ltd.(SKI) မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူ များ၊ တောင်သူလယ်သမားများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အခမ်းအနား အစီအစဉ်အရ ZBT Co.,Ltd. Managing Director ဦးလှိုင်ဟိန်းနှင့် The Saim Kubota Industry Co.,Ltd.(SKI) မှ ကိုယ်စားလှယ်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး SKIမှ အင်ဂျင်နီယာက လက်တွန်းထွန်စက်နှင့်အင်ဂျင်စက်များ ရေရှည်အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းပြုပြင်မှု ပြုလုပ်ရမည့်အချက်အလက်များကို စက်ပစ္စည်းများပြသ၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသော တောင်သူလယ်သမားများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

စုံစမ်းနိုင်

ZBT Co., Ltd. မှ ဖြန့်ဖြူးရောင်းချသည့် တောင်သူလယ်သမား အထောက်အကူပြု Saim Kubota လက်တွန်းထွန်စက်နှင့် အင်ဂျင်စက်များကို လွယ်လင့်တကူ သက်သာချောင်ချိစွာ ဝယ်ယူနိုင်ရန်အတွက် ZBT Co.,Ltd. အရောင်းပြခန်း အမှတ်(၃၆) ဘုရင့်နောင်လမ်း ကမာရွတ်မြို့နယ် ဖုန်း-၅၀၀၇၆၁ နှင့် ၅၀၁၂၀၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖားကန့်မြို့နယ် ရဲတပ်ဖွဲ့ ပညာသင်စရိတ်ပေးအပ်

ရန်ကုန် ဇွန် ၂၅

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် မိသားစုများ၏ သားသမီးများအား ၂၀၀၇-၂၀၀၈ ခုပညာသင်နှစ် ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇွန် ၅ ရက်က မြို့နယ်ရဲတပ်ဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ထွန်းထွန်းဦးက အမှာစကားပြောကြားပြီး မြို့နယ်အတွင်းရှိ ဖားကန့်ရဲစခန်း၊ ကာမိုင်းရဲစခန်း၊ ဆည်ဇင်းရဲစခန်းနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးတို့ရှိ တက္ကသိုလ်အဆင့် ၁၂ ဦး၊ အထက်တန်း အဆင့် ၂၀၊ အလယ်တန်းအဆင့် ၃၁ ဦး၊ မူလတန်းအဆင့် ၃၈ ဦး စုစုပေါင်း ၁၀၁ ဦးတို့အတွက် ထောက်ပံ့ငွေကျပ် ၃၆၅၀၀၀ ကို ပေးအပ်ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေး ချီးမြှင့်ပြီး ကာကွယ်ရေး ဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

❒ *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ ပထမအကြိမ်နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ နေပြည်တော်မြို့တော်ဝန်၊ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီဝင်များ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ကော်မတီဝင်များ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတရားသူကြီးချုပ်၊ ဒုတိယရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝန်ကြီးဌာနအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အသင်းခေါင်းဆောင်များ၊ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အလေးပြု

ရှေးဦးစွာ နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများသည် ပြိုင်ပွဲကျင်းပမည့် အမှတ်(၁)နေပြည်တော်အားကစားကွင်းအတွင်း နေရာယူကြပြီး မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌအား အလေးပြုကြသည်။

ရည်ရွယ်ချက်သုံးရပ်

ယင်းနောက် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲသည် နေပြည်တော်၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသည့် ဘောလုံးပြိုင်ပွဲဖြစ်ပြီး တရားရုံးချုပ်နှင့် ရှေ့နေချုပ်ရုံးအပါအဝင် ဝန်ကြီးဌာနပေါင်း ၃၅ ခု ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ကြောင်း၊ ဤပြိုင်ပွဲသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ National Fitness အမျိုးသားကျန်းမာကြံ့ခိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်၊ ဝန်ကြီးဌာန အသီးသီးမှ ဝန်ထမ်းများ အပန်းဖြေမှုဖြစ်သကဲ့သို့ ပျော်ပျော်ရွှင်ရွှင် စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြစ်စေရန်၊ ဝန်ထမ်းများ တက်ကြွရွှင်လန်းစွာဖြင့် မိမိတို့၏ တာဝန်များကို ပိုမိုထမ်းရွက်နိုင်စေရန် ဆိုသည့် ရည်ရွယ်ချက်သုံးရပ်ဖြင့် ကျင်းပပေးခြင်းဖြစ်ကြောင်း။

ဦးစားပေးဆောင်ရွက်

နိုင်ငံတော် အစိုးရအနေနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိရာ နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးကိုလည်း အခြားသောကဏ္ဍများနည်းတူ ဦးစားပေး ဆောင်ရွက်နေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် လူမှုရေး ဦးတည်ချက်(၄)ရပ်အနက် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဆိုသည့် ဦးတည်ချက်သည် နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး လုပ်ငန်းများနှင့် တိုက်ရိုက်ပတ်သက်နေသည့် ဦးတည်ချက်ပင်ဖြစ်ကြောင်း။

ချမှတ်ဆောင်ရွက်

နိုင်ငံတော်၌ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို ရေတို၊ ရေရှည်စီမံချက်များ ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ "မြန်မာ့အားကစားကမ္ဘာကို လွှမ်းစေရမည်" ဆိုသည့် မြင့်မားပြီး တိကျပြတ်သားသည့် ဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ–

"အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်နေခြင်းဖြစ်သည်။"

"အားကစားအောင်မြင်မှုသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ရောင်ပြန်ဟပ်စေသည်။"

"အားကစားတိုးတက်မြင့်မားခြင်းသည် နိုင်ငံတော်၏ ဂုဏ်သိက္ခာအဆင့်အတန်းနှင့် အခြေအနေကို ဖော်ပြသည်" ဆိုသည့် ခံယူချက်များကိုလည်း ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

လုပ်ငန်းများပိုမိုအောင်မြင်ရေး

နိုင်ငံတော်၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နေချိန်တွင် ဘောလုံးအားကစားနည်းသည် တစ်မျိုးသားလုံး စိတ်ဝင်စားဆုံးအားကစားနည်းဖြစ်၍ မြန်မာ့ဘောလုံးအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် လူရွေးချယ်ရေး စီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်နေကြောင်း၊ ထို့အတူ လူအများစု ပါဝင်ကစားသည့် လူထုဘောလုံးအားကစားမှ အဆင့်မြင့်ကျွမ်းကျင်သူများ ပါဝင်သည့် ထူးချွန်ဘောလုံးအားကစားအဖြစ် ကူးပြောင်းသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ဘောလုံးပြိုင်ပွဲသည် ဝန်ထမ်းများအဆင့် လူထုဘောလုံးအားကစားပြိုင်ပွဲပင်ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲများမှတစ်ဆင့် ဘောလုံးအားကစားနည်းကို ဝန်ထမ်းများစိတ်ပါဝင်စားကစားလာကြပြီး ဝန်ထမ်းများ၏ ကျန်းမာကြံ့ခိုင်ရေး၊ စိတ်ပျော်ရွှင်ရေး၊ အချင်းချင်း ချစ်ခင်ရင်းနှီးစွာဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်ရေးတို့ကို ဦးတည်ပါကြောင်း။

ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစား

ထို့ကြောင့် ယင်းဦးတည်ချက်ကို ထိန်းသိမ်းရင်း ဝန်ထမ်းများ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးဖြင့် ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားသွားကြရန် တိုက်တွန်းလိုပါကြောင်း။

ဖွင့်လှစ်ပေး

နိဂုံးချုပ်အနေဖြင့် ယနေ့ နေပြည်တော်၌ ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကစားကြမည့် အားကစားသမားများအားလုံး အားကစားသမားကောင်းများ၏ အမူအကျင့်နှင့် ပင်ကိုစွမ်းရည်များကို ဖော်ထုတ်ယှဉ်ပြိုင်သွားကြပါ၊ အားကစားသမားအချင်းချင်း ချစ်ခင် ရင်းနှီးစွာဖြင့် အားကစားစိတ်ဓာတ်အပြည့်ဖြင့် အသန့်ရှင်းဆုံး ယှဉ်ပြိုင်ကစားကြပါ။ ထိုမှတစ်ဆင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အသွေးရော အရည်အချင်းပါ ထက်မြက်မြင့်မားသည့် ပြည်သူ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းသွားကြပါဟုတိုက်တွန်းပြောကြားပြီး ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြိုင်ပွဲဝင်အားကစားသမားများသည် အားကစားသစ္စာဓိဋ္ဌာန်များ ရွတ်ဆိုကြပြီး ကွင်းအတွင်းမှ စနစ်တကျ ပြန်လည်ထွက်ခွာသွားကြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကာကွယ်ရေးဝန်ကြီးဌာန ဘောလုံးအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနဘောလုံးအသင်းတို့၏ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နေပြည်တော် အားကစားကွင်း၊ လယ်ဝေးမြို့နယ် အားကစားကွင်းနှင့် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်းတို့၌ အုပ်စုရှစ်ခုခွဲ၍ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

နောက်ဆုံး ဗိုလ်လုပွဲ

ပထမအဆင့် အုပ်စုပွဲစဉ်များကို ဇွန် ၂၅ ရက်မှ ဇူလိုင် ၁၅ ရက်အထိလည်းကောင်း၊ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၇ ရက်မှ ၂၉ ရက်အထိလည်းကောင်း၊ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁ ရက် မှ ၄ ရက်အထိလည်းကောင်း၊ အကြိုဗိုလ်လုပွဲများကို ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင်လည်းကောင်း သတ်မှတ် အားကစားကွင်းများ၌ ယှဉ်ပြိုင်သွားကြမည်ဖြစ်ပြီး နောက်ဆုံး ဗိုလ်လုပွဲကို ဩဂုတ် ၁၀ ရက်တွင် အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ကျောက်သင်ပုန်းနှင့် စာသင်ခုံများကောင်းမွန်ရေး စနစ်တကျထိန်းသိမ်း သက်သာသောဈေးနှုန်းဖြင့် လတ်ဆတ်သည့်သီးနှံများရောင်းချ

နေပြည်တော် ဇွန် ၂၅

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်သည် မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းနှင့်အတူ ဇွန် ၁ ရက် နံနက် ၈ နာရီခွဲက မန္တလေးအောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့် ဇနီး၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းပညာရေးမှူး ဦးစောထွန်း၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဥက္ကဋ္ဌများ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာကြီး ဦးရဲမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ကြိုဆိုကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း သူငယ်တန်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူကလေးများ၏ ဝတ်စားဆင်ယင်မှု၊ ပညာသင်ကြားမှု၊ ကျောင်းလွယ်အိတ်များ၊ စာရေးကိရိယာများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူကလေးများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ **(အပေါ်ပုံ)**

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ကျောင်းဝင်းအတွင်း စက်ဘီးများ စနစ်တကျထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပဉ္စမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၏ ဝတ်စားဆင်ယင်မှု၊ စာပေသင်ကြားမှုများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျောင်းဈေးဆိုင်များတွင် ဈေးရောင်းချမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာကြီးက လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက ဝမ်းရောဂါဖြစ်ပွားစေသည့် အစားအစာများ၊ သတ်မှတ်ရက်လွန်အစားအစာများ မရောင်းချရေး၊ အစားအသောက်များ ယင်မနားစေရေး၊ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည်လမ်း ၈၀၊ ၂၉ လမ်းနှင့်လမ်း ၃၀ ကြားရှိ အမှတ်(၁၅)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ရီနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ဝင်တန်း၊ နဝမတန်းနှင့် အဋ္ဌမတန်းတို့တွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများ၏ ဝတ်စားဆင်ယင်မှု၊ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးက လိုက်လံရှင်းလင်းတင်ပြပြီး တိုင်းမှူးက ကျောင်းသင်ပုန်းများ ကောင်းမွန်ရေး၊ စာသင်ခုံများ ရေရှည်အသုံးပြုနိုင်ရေးအတွက် စနစ်တကျထိန်းသိမ်း စောင့်ရှောက်ရေးတို့ကို မှာကြားပြီး ကျောင်းသား ကျောင်းသူများကို နှုတ်ဆက်အားပေးစကားပြောကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အထက(၁၃)

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဝင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများက ကြိုဆိုကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် စာသင်ခန်းများအခြေအနေနှင့် အဋ္ဌမတန်းတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီးက လိုက်လံရှင်းလင်းတင်ပြသည်။

စနစ်တကျခင်းကျင်း

တိုင်းမှူးက ကြမ်းခင်းမကောင်းသော စာသင်ခန်းများကို အမြန်ဆုံးပြုပြင်ရေး၊ စာသင်ခန်းနှင့် ကျောင်းသားမျှတမှုရှိစေရေး၊ စာသင်ခုံများ စနစ်တကျခင်းကျင်းရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များသည် ကျောင်းဈေးဆိုင်များတွင် ရောင်းချနေသော ဈေးဆိုင်များ၏ ခင်းကျင်းမှု၊ ချက်ပြုတ်မှု၊ အစားအသောက်များထည့်သော ပန်းကန်များ သန့်ရှင်းမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ရက်လွန်အစားအစာများ မရောင်းချရေး၊ လတ်ဆတ်သော သစ်သီးများ ရောင်းချရေး၊ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ပထမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူကလေးများ၏ ပညာသင်ကြားမှု၊ ဝတ်စားဆင်ယင်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စုက လိုက်လံရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေး အကောင်းဆုံးမြို့နယ် ပထမဆုရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

* *ကျောဖုံးမှ*

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင်များ၊ စည်ပင်သာယာရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာနက ဦးဆောင်ပြီး ပြည်နယ်၊ တိုင်း၊ မြို့နယ်များက တာဝန်ရှိသူများ စုစည်းရောက်ရှိလာကြသည့် စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မိမိတို့ လုပ်ငန်းများနှင့်ဆက်နွှယ်ပြီး အလေးထား ဆောင်ရွက်သွားရမည့် မူဝါဒပိုင်းဆိုင်ရာကို ဦးစွာ မှာကြားသွားမည်ဖြစ်ကြောင်း။

ပြည်နယ်၊ တိုင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများသည် မြို့များ၊ ရွာများ စည်ပင်သာယာပြီး ဖွံ့ဖြိုးတိုးတက်ရန် မိမိတို့ဒေသများ၌ လက်တွေ့ဆောင်ရွက်နေကြသူများဖြစ်ပြီး လက်တွေ့ ဆောင်ရွက်နေမှုများကိုလည်း နေ့စဉ်သတင်းစာများထဲတွင် မြင်တွေ့နေရကာ ၎င်းမြင်ကွင်းများသည် တချို့တစ်ဝက်သာဖြစ်ပြီး လက်တွေ့တွင် ယင်းထက်မကကြိုးစားဆောင်ရွက်နေကြကြောင်း။

အသွားအလာများပြား

စည်ပင်သာယာဆိုသည့် အခေါ်အဝေါ်အတိုင်း စည်ပင်မှုနှင့် သာယာမှုဆိုသည့် အပိုင်းနှစ်ပိုင်းစလုံး အဓိပ္ပာယ်ကိုယ်စီရှိကြကြောင်း၊ စည်ပင်ရေးအတွက် လူများအလွယ်တကူ ကူးသန်းသွားလာနိုင်ရန် စည်စည်ကားကားဖြင့် ရောင်းဝယ်ဖောက်ကားနိုင်ရန် လမ်းများ၊ တံတားများ ကောင်းရန် ပြုပြင်တည်ဆောက်ရကြောင်း၊ အဆိုပါ လမ်းများ၊ တံတားများပေါ်၌ လူများ ဥဒဟိုကူးသန်းသွားလာ ရောင်းဝယ်ဖောက်ကားနေခြင်းအားဖြင့် မြို့များ၊ ရွာများတွင် အသွားအလာများ များပြားပြီး စည်ပင်နေမည်ဖြစ်ကြောင်း။

သာယာရေးအတွက် ဆိုလျှင် မြို့သူ မြို့သားများ၊ ရွာသူရွာသားများ စိတ်ချမ်းချမ်းသာသာနှင့် ပျော်ပျော်ရွှင်ရွှင်ရှိရန် မြို့များ၊ ရွာများကို သာယာရေး၊ သန့်ရှင်းရေး၊ သပ်ရပ်လှပရေး ပြုပြင် ဖန်တီးပေးရန်ဖြစ်ကြောင်း။

အမြဲလုပ်ဆောင်

မြို့များ၊ ရွာများ သန့်ရှင်းရေးအတွက် မြို့များ၊ ရွာများတွင် အမှိုက်သရိုက်နှင့် ချုံနွယ်ပိတ်ပေါင်းများ မရှိအောင် ရှင်းလင်းရမည်၊ ချိုင့်ခွက်များ၊ ဗွက်အိုင်များမရှိအောင် ပြုပြင်ပေးရမည်ဖြစ်ကြောင်း၊ ဈေးများ၊ ကျောင်းများ၌ သန့်ရှင်းအောင် အမြဲလုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း၊ သန့်ရှင်းမှုအတွက် အမှိုက်ပုံများ မရှိအောင် သိမ်းဆည်းခြင်း၊ တံမြက်စည်းလှဲခြင်းများကို အဓိကထား မှန်မှန်လုပ်သွားလျှင်ပင် မြို့ရွာများ သန့်ရှင်းလာမည်ဖြစ်ကြောင်း။

လှပရေးအတွက် သစ်ပင်ပန်းမန်ဖြင့် အလှဆင်ရမည် ဖြစ်ကြောင်း၊ ဆေးသုတ်၊ ထုံးသုတ်ခြင်းများသည် ခဏပန်းအားဖြင့် လှပသပ်ရပ်သော်လည်း ရေရှည်မခံသည့်အပြင် ငွေအကုန်အကျလည်း များကြောင်း၊ ထို့ကြောင့် မြို့များ၊ ရွာများကို သစ်ပင်ပန်းမန်များဖြင့် အလှဆင်ခြင်းသည် ရေရှည်ခံပြီး ငွေကုန်ကြေးကျနည်းသည် ဖြစ်၍ အကောင်းဆုံး နည်းလမ်းပင် ဖြစ်ကြောင်း။

ဂရုပြုလုပ်ဆောင်

မြို့များ၊ ရွာများကို သန့်ရှင်းသပ်ရပ် လှပအောင် ပြုပြင်တည်ဆောက်ခြင်းသည် မြို့သူ မြို့သား၊ ရွာသူရွာသားများအား စိတ်ချမ်းသာကြည်နူးမှုကို ဖြစ်ပေါ်စေသည် သာမက ကျန်းမာရေးအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ အမှိုက်ပုံများရှိနေလျှင် ကြီးများ၊ ခွေးများ၊ ယင်ကောင်များမှတစ်ဆင့် ရောဂါများပြန့်ပွားလာနိုင်သကဲ့သို့ ဗွက်အိုင်များ၊ ရေအိုင်များရှိနေလျှင်လည်း ခြင်များ၊ ယင်များပေါက်ဖွားပြီး ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါနှင့် ဝမ်းလျှောဝမ်းပျက်ရောဂါများ ဖြစ်ပွားလာနိုင်သဖြင့် မြို့ရွာများ သန့်ရှင်းအောင် အမြဲဂရုပြုလုပ်ဆောင်သွားကြရန် မှာကြားလိုကြောင်း။

ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့၏ လုပ်ငန်းများသည် သာမန်လုပ်ငန်းများဟု ထင်ရသော်လည်း လူသားများအတွက် ကျန်းမာအောင်၊ ပျော်ရွှင်အောင်၊ စိတ်ကြည်နူးအောင်၊ စိတ်ချမ်းမြေ့အောင် ဆောင်ကြဉ်းပေးနိုင်သော လုပ်ငန်းများ ဖြစ်သဖြင့် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

သို့ဖြစ်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးများ၊ အင်ဂျင်နီယာမှူးများသည် မိမိတို့တာဝန်ယူရသည့် စည်ပင်သာယာနယ်နိမိတ်အတွင်းရှိမြို့များ၊ ရွာများတွင် လမ်းများ၊ တံတားများကောင်းအောင် ပြုပြင်မွမ်းမံရေး၊ တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်သွားလာနိုင်အောင် ကျေးရွာချင်းဆက် လမ်းများဖောက်လုပ်ပေးရေး၊ ကျေးရွာက ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများ မြို့ပေါ်တက်ရောင်းချနိုင်ရန်အတွက် ကျေးရွာနှင့် မြို့ဆက်သွယ်သော လမ်းများကောင်းအောင် ဖောက်လုပ်ပြုပြင်ပေးရန် တာဝန်ရှိသကဲ့သို့ မြို့များ၊ ရွာများ သန့်ရှင်းသာယာလှပအောင် သစ်ပင်ပန်းမန်များဖြင့် ဖန်တီးပေးရန်လည်း တာဝန်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

အဆိုပါ လုပ်ငန်းများ အပြင် မြို့များ၊ ရွာများ၌ မီးရရှိရေး၊ ရေရရှိရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မြို့များ၊ ရွာများ စည်ပင်သာယာရေးသည် စီးပွားရေးနှင့်ကျန်းမာရေးကို အထောက်အကူ ပြုစေသည်သာမက လူမျိုး၏ အဆင့်အတန်းကိုလည်း ဖော်ညွှန်းပြခြင်းဖြစ်သည့် အတွက် အဆင့်အတန်းရှိသည့်လူမျိုး၊ အဆင့်အတန်းမြင့်သည့်လူမျိုးအဖြစ် နိုင်ငံခြားသား ခရီးသွားများ၏ အမြင်တွင် မှတ်ထင်သွားစေမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိနိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာအတွက် မြို့များ၊ ရွာများ အမြဲတမ်း သန့်ရှင်းသာယာလှပနေအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

မြို့သူမြို့သား၊ ရွာသူရွာသားများကိုလည်း အမှိုက်ကိုစနစ်တကျ စွန့်ပစ်စေရေး မိမိအိမ်၊ မိမိဈေးဆိုင် ပတ်ဝန်းကျင်ကို သန့်ရှင်းနေစေရေး နေ့စဉ်ရှင်းလင်းစေရေး၊ အညစ်အကြေးများကို စနစ်တကျ စွန့်ပစ်စေရေး၊ ယင်လုံအိမ်သာသုံးစွဲစေရေးနှင့် သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပြီး ပညာပေးရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် လုပ်သွားကြရန် လိုအပ်ကြောင်း။

အချိတ်အဆက်မိမိ

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး (၂၄)ခုစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ် စီမံကိန်းတို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်စေလျက်ရှိသကဲ့သို့ နိုင်ငံတော်၏နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးစသည့် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်ပြီး လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းလုပ်ငန်းစဉ် (၅)ရပ်အနက် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသနေ ပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် တိုက်ရိုက် အကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်း။

ကွာဟမှုနည်းပါး

ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ ကျေးလက်ဒေသ ထွက်ကုန်သီးနှံများကို ဈေးကွက်သို့ အလွယ်တကူ အချိန်တိုအတွင်း ပို့ဆောင်ပေးနိုင်ရေး၊ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအဆင်ပြေလွယ်ကူစေရေး၊ ကျေးလက်နှင့်မြို့ပြ ကွာဟမှုနည်းပါးနိုင်စေရေးတို့အတွက် ကျေးရွာချင်းဆက်လမ်းများ၊ ကျေးရွာမှ မြို့သို့ဆက်သွယ်သည့်လမ်းများကို စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြရခြင်းဖြစ်ကြောင်း။

စည်ပင်သာယာရေး ဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းတံတားစီမံကိန်းကို ၂၀၀၁-၂၀၀၂ခု ဘဏ္ဍာရေးနှစ်မှစပြီး နှစ်၃၀ နှစ်ရှည်စီမံကိန်းအဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိရာ ယခုဆိုလျှင် ဒုတိယငါးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အထိ ကျေးလက်လမ်းမိုင်ပေါင်း ၂၄၉၅၄ မိုင် ဖောက်လုပ်ပေးနိုင်ခဲ့ပြီး ကျေးလက်တံတားပေါင်း ၄၇၄၄စင်း ဆောက်လုပ်ပေးနိုင်ခဲ့ခြင်းကို သိရကြောင်း။

စည်ပင်သာယာရေး အဖွဲ့များအနေဖြင့် မိမိတာဝန်ယူရသည့် လမ်းတံတားများ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် နှစ်စဉ် ပြင်ဆင်ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ လမ်း၊ တံတားများ၏ ခံနိုင်ဝန်နှင့်အညီ သင့်တော်သောယာဉ်များ သွားလာမှုအပေါ် ကြပ်မတ်ပေးရန် လိုအပ်ကြောင်း၊ ထို့အပြင် ကျေးလက်လမ်းများကို မြေသားလမ်းမှ ကျောက်ချောလမ်း၊ ကတ္တရာလမ်းများသို့ စနစ်တကျ စီမံချက်ရေးဆွဲပြီး အဆင့်မြှင့်တင် ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ မြို့အင်္ဂါရပ်နှင့်အညီ မြို့ပြလမ်းများ တိုးတက်ကောင်းမွန်အောင် နှစ်အလိုက် အဆင့်မြှင့်တင် ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

အကောင်အထည်ဖော်

စည်ပင်သာယာရေး အဖွဲ့များအနေဖြင့် ယခုအချိန်အထိ မြို့ပြလမ်းမိုင် ၄၆၄၀ နှင့် မြို့ပြတံတား ၂၃၀၇စင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့အပြင် မြို့ပြသာယာလှပရေးလုပ်ငန်းစဉ် ၁၆ချက် ချမှတ်အကောင်အထည်ဖော်နေခြင်းကို သိရကြောင်း၊ ယင်းလုပ်ငန်းစဉ်များအနက် မြို့တွင်းလမ်းများ ပြုပြင်ရာတွင် လမ်းနှင့်အတူ လမ်းပခုံးများ၊ လမ်း ဘေးဝဲယာ ပလက်ဖောင်း၊ ရေမြောင်းများကိုလည်း တစ်ပါတည်းပြုပြင်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတကာမြို့ကြီးများမှာကဲ့သို့ သစ်ပင်ပန်းမန်များဖြင့် ဝေဆာလှပနေအောင် စိုက်ပျိုးသွားကြရန် မှာကြားလိုကြောင်း။

လမ်းမကြီးများနှင့်ဝေးပြီး သွားလာရေးခက်ခဲသော ကျေးရွာများကို ဖြတ်သန်းပြီး တစ်မြို့နယ်နှင့်တစ်မြို့နယ်၊ တစ်ခရိုင်နှင့် တစ်ခရိုင် ဆက်သွယ်အသုံးပြုရန်အတွက် နိုင်ငံတော်မှ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း (အနောက်ပိုင်း)၊ ရန်ကုန်တိုင်းတို့ကို ဖြတ်သန်းပြီး ဖောက်လုပ်နေသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို လည်းကောင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်တို့ကို ဖြတ်သန်း၍ ဖောက်လုပ်နေသည့် ခရိုင်ချင်းဆက်လမ်း အမှတ်(၂)ကို လည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်းကို တွေ့ရှိရကြောင်း။

အားရကျေနပ်

၂၀၀၆-၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အထိ ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် ကတ္တရာလမ်း ၅၄ မိုင်၊ ကျောက်ချောလမ်း ၃၂၃မိုင် ၂ဖာလုံ၊ သစ်သားတံတား အစင်း ၁၀၀ တို့ကိုလည်းကောင်း၊ ခရိုင်ချင်းဆက် လမ်းအမှတ်(၂)တွင် ကတ္တရာလမ်း သုံးမိုင်၊ ကျောက်ချောလမ်း ၅၂မိုင် ၆ဖာလုံ၊ မြေသားလမ်း ၁၆၃မိုင်နှင့် သစ်သားတံတား ၅၇စင်းတို့ကို လည်းကောင်း အသီးသီး အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့ခြင်းကို အားရကျေနပ်ဖွယ်ရာ တွေ့ရှိရကြောင်း။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် သန့်ရှင်းသော သောက်သုံးရေရရှိရေးသည် စည်ပင်သာယာရေးအဖွဲ့များ၏ အဓိကတာဝန်ကြီးတစ်ရပ်ဖြစ်သည်နှင့်အညီ ရေရှားပါးသော အပူပိုင်းဒေသ တိုင်းသုံးတိုင်းအပါအဝင် အခြားပြည်နယ်နှင့် တိုင်းအားလုံးတို့တွင် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်း ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးကို ဆောင်ရွက်ပေးမှုကြောင့် ကျေးလက်နေပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု မြင့်တက်လာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ကြောင်း။

ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် အပူပိုင်းဒေသတွင် ၈၀၄၂ ရွာ၊ အခြား ပြည်နယ်နှင့်တိုင်းများတွင် ၁၅၁၈၃ ရွာ၊ တစ်နိုင်ငံလုံးတွင် ကျေးရွာ စုစုပေါင်း ၂၃၂၂၅ ရွာ ဆောင်ရွက်ပေးရန်ရှိသည့်အနက် ယခုအခါ အပူပိုင်းဒေသတွင် ၇၉၁၁ ရွာ၊ အခြားပြည်နယ်နှင့် တိုင်းများတွင် ၉၃၃၉ ရွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် တစ်နိုင်ငံလုံးတွင် ကျေးရွာစုစုပေါင်း ၁၇၂၅၀ ဆောင်ရွက်ပြီးစီးနေခြင်းကို တွေ့ရှိရကြောင်း။

ရည်မှန်းချက်ပြည့်မီရေး

ကျေးလက်ဒေသ ရေရရှိရေးနှင့် ပတ်သက်၍ သန့်ရှင်းသော သောက်သုံးရေသည် လူသားများအတွက် အသက်ရှည် ကျန်းမာရေး၊ ရောဂါဘယများ ကူးစက်ပြန့်ပွားမှု မရှိစေရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးတို့အတွက် မရှိမဖြစ်လိုအပ်ချက်တစ်ရပ်ဖြစ်သကဲ့သို့ လူဦးရေအများစုနေထိုင်ရာ ကျေးလက်နေပြည်သူများ၏ အခြေခံ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရသည့် မွန်မြတ်သော လုပ်ငန်းတစ်ရပ် ဖြစ်သဖြင့် ကျေးရွာတိုင်း ရေရရှိရေးနှင့်ရေရရှိပြီးသော ကျေးရွာများအား ရေဖူလုံစွာ ရရှိရေးကို စီမံကိန်းကာလအတွင်း ရည်မှန်းချက် ပြည့်မီရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးရသကဲ့သို့ မြို့ရေပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိခြင်းကို တွေ့ရှိရကြောင်း၊ ယခုအချိန်အထိ မြို့ပေါင်း၁၇၉မြို့ မြို့ရေပေးဝေလျက်ရှိသည်ကို သိရှိရကြောင်း၊ မြို့ရေပေးရေးစနစ်မရှိသေးသည့် မြို့များကိုလည်း ဆက်လက် ဆောင်ရွက်ပေးသွားရန် မှာကြားလိုကြောင်း။

ထို့ပြင် နိုင်ငံတော်အကြီးအကဲက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေး ဝန်ကြီးဌာနကို တာဝန်ပေးထားသည့်လုပ်ငန်း တစ်ရပ်ဖြစ်သော ကျေးလက်အိမ်ရာ ဆောက်လုပ်ရေးလုပ်ငန်းကို လက်ရှိ တိုင်းခုနစ်တိုင်း၌ ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်မှ စတင်၍ အခြား ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ခဲ့ရာ ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အထိ အိမ်လုံးရေ ၃၄၂၀ ကို ဆောက်လုပ်ပေးနိုင်ခဲ့သည်ကို သိရကြောင်း။

ကျေးလက်အိမ်ရာ စီမံကိန်းသည် ကျေးလက်နေပြည်သူများ နေထိုင်မှုအဆင့်အတန်း မြင့်မားလာစေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည့်လုပ်ငန်း ဖြစ်သည်နှင့်အညီ လက်တွေ့တာဝန်ယူ ဆောင်ရွက်နေကြသူများအနေဖြင့် မိမိတို့အတွေ့အကြုံ၊ အတတ်ပညာများကို ပေါင်းစပ်ပြီး ဒေသအခြေအနေနှင့် ကိုက်ညီမည့် ကျေးလက်စံပြအိမ်ရာများပေါ်ပေါက်လာစေရန် စေတနာထား စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စည်ပင်သာယာရေး လုပ်ငန်းများသည် ပြည်သူများ၏လူနေမှုဘဝ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း ဖြစ်သည့်အပြင် သန့်ရှင်းသပ်ရပ်သာယာလှပရေးနှင့် စည်းကမ်းစနစ်တကျရှိသည့် လူမှုပတ်ဝန်းကျင် ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ထိန်းသိမ်းဆောင်ရွက်ပေးရသော လုပ်ငန်းဖြစ်ခြင်းကြောင့် စည်ပင်သာယာရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေ(၅/၉၃)ကို ၁၉၉၃ ခုနှစ် ဧပြီ ၁ရက်တွင် နိုင်ငံတော်က ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း။

သတ်မှတ်ပြဋ္ဌာန်း

နိုင်ငံတော်က ပြဋ္ဌာန်းထားသော စည်ပင်သာယာရေးအဖွဲ့များ ဥပဒေကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအပြင် ပြည်သူတစ်ရပ်လုံးကပါ လိုက်နာကျင့်သုံးသွားကြရမည် ဖြစ်ကြောင်း၊ ပြည်သူလူထု အတွက် ဖြည့်ဆည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရမည့်လုပ်ငန်းကိုလည်း ယင်းဥပဒေတွင် လုပ်ငန်းတာဝန် (၃၁)ရပ် အဖြစ် အသေးစိတ်သတ်မှတ် ပြဋ္ဌာန်းပေးထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် ဒေသခံပြည်သူများ၏ လူမှုဘဝလိုအပ်ချက်များနှင့် မြို့ရွာများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိမိမိဆောင်ရွက်သွားနိုင်ရန် စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့်အညီ အခွန်၊အခ၊ အကောက်များကို ပြည့်ပြည့်ဝဝဖြင့် စေ့စေ့ငငကောက်ခံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများကိုလည်း စည်ပင်သာယာရေးအဖွဲ့များ ဥပဒေနှင့်အညီ ရသုံးခန့်မှန်းခြေငွေစာရင်းများ စနစ်တကျသတ်မှတ်ရေးဆွဲပြီး ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းရပ်များတွင် ကျခံသုံးစွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤသို့သုံးစွဲရာတွင် အလေအလွင့်မရှိစေရေး၊ သတ်မှတ်လုပ်ငန်း စံချိန်စံညွှန်းများနှင့်အညီ ပြည့်မီသောလုပ်ငန်းများဖြစ်စေရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်က စိစစ်ကြပ်မတ်ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

မြို့ရွာများ သန့်ရှင်းသာယာလှပရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍ စည်ပင်သာယာရေးအဖွဲ့များ၏ တစ်နှစ်တာလုပ်ငန်းဆောင်ရွက်ချက်များအပေါ် အဆင့်ဆင့်စစ်ဆေးအကဲဖြတ်ပြီး အကောင်းဆုံးစံပြမြို့နယ်ဆု၊ မြို့သာယာလှပရေးအကောင်းဆုံးမြို့နယ်ဆု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအကောင်းဆုံးမြို့နယ်ဆု စသည့်ဆုအသီးသီးကို ၂၀၀၄ခုနှစ်တွင်စပြီး ပေးအပ်ချီးမြှင့်ခဲ့ခြင်းကိုလည်း တွေ့ရကြောင်း၊ ပြည်သူ့အကျိုးပြု စည်ပင်သာယာရေးလုပ်ငန်းများတွင် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ကောင်းသောယှဉ်ပြိုင်ခြင်းဖြင့် ပိုမိုတိုးတက်မှုရှိအောင် စွမ်းစွမ်းတမံ ကြိုးစားအားထုတ်နိုင်ကြစေရန် ဖြစ်ကြောင်း။

နွေးထွေးစွာဆက်ဆံ

စည်ပင်သာယာရေး လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်များပြားသည့်အလျောက် ထိတွေ့ဆက်ဆံရသည့် ပြည်သူလူထုနယ်ပယ်သည်လည်း ကျယ်ဝန်းသည်ဖြစ်ရာ ပြည်သူများအပေါ်တွင် အခွင့်အာဏာပြခြင်း၊ မောက်မာစွာဆက်ဆံခြင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ မမှန်မကန်ဆောင်ရွက်ခြင်းတို့ကို ရှောင်ကြဉ်ပြီး ပြည်သူတို့၏ လိုအပ်ချက်များကို စည်းမျဉ်းစည်းကမ်းဘောင်အတွင်းက အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်နှင့် ပြည်သူများအပေါ် နွေးထွေးသိမ်မွေ့စွာ ဆက်ဆံကာ လုပ်ငန်းများကို စနစ်တကျဖြင့် အကျိုးရှိထိရောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူများအားကိုးယုံကြည်သည့် ဌာန၊ အဖွဲ့အစည်းများ ဖြစ်အောင် ကြိုးစားသွားကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **ကျေးလက်ဒေသ လမ်းတံတားနှစ် ၃၀ စီမံကိန်းနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ၁၀နှစ်စီမံကိန်းများကို လျာထားနှစ်အလိုက် အောင်မြင်အောင် ဆောင်ရွက်ကြရန်၊**
- **ခရိုင်ချင်းဆက်လမ်းများ ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ကျေးလက်စံပြ အိမ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊**
- **နိုင်ငံတော်က အထူးတာဝန်ပေးသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်အတိုင်းပြီးမြောက်အောင် စေတနာ အပြည့်အဝဖြင့် စွမ်းစွမ်းတမံဆောင်ရွက်ကြရန်၊**
- **စည်ပင်သာယာရေး လုပ်ငန်းများကို ဆောင်ရွက်ရာ၌ ပြည်သူများထံမှ ကောက်ခံရရှိသော အခွန်ဘဏ္ဍာငွေများနှင့် ကျခံသုံးစွဲကြရခြင်းဖြစ်၍ ပြည်သူအတွက် ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျ သုံးစွဲဆောင်ရွက်သွားကြရန်၊**
- **စည်ပင်သာယာရေး ဝန်ထမ်းများအနေဖြင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး မမှန်မကန် ဆောင်ရွက်ခြင်း၊ အခွင့်အာဏာသုံးပြီး ပြည်သူတို့အပေါ် မောက်မာစွာဆက်ဆံခြင်းတို့ကို ရှောင်ကြဉ်ကြရန်နှင့်**
- **ပြည်သူများ ယုံကြည်အားကိုးခြင်းခံရသည့် ဝန်ထမ်းများ ဖြစ်အောင် ကြိုးစားသွားကြရန်**

မှာကြားသည်။

ဆုများပေးအပ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေး အကောင်းဆုံးမြို့နယ်ပထမဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယဆုရ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တတိယဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအကောင်းဆုံးမြို့နယ် ပထမဆုရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တတိယဆုရ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် အကောင်းဆုံးစံပြမြို့နယ် ပထမဆုရ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့၊ ဒုတိယဆုရ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ တတိယဆုရ မန္တလေးတိုင်း ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တို့အား ဆုများကို ပေးအပ်ချီးမြှင့်ပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ပြသထားသော ပြည်နယ်နှင့်တိုင်း စည်ပင်သာယာရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများနှင့် အကောင်းဆုံးမြို့နယ်ဆုရ မြို့နယ်များ၏ မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြသည်။

(သတင်းစဉ်)



အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံအဖြစ် ကမ္ဘောဒီးယားက ပါကစ္စတန်ကို အပြည့်အဝထောက်ခံမည်

ဖနောင်ပင် ဇွန် ၂၅

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)နှင့် ဆွေးနွေးဖက်နိုင်ငံအဖြစ် ပါကစ္စတန်နိုင်ငံကို ကမ္ဘောဒီးယားအစိုးရအနေဖြင့် အပြည့်အဝထောက်ခံသွားမည်ဖြစ်ကြောင်း ကမ္ဘောဒီးယား မီဒီယာများက ဇွန် ၂၃ ရက်၌ ဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ ပါကစ္စတန်သံအမတ် ခန့်အပ်ခံရသူ မိုဟာမက်ယူနစ်ခမ်နှင့်တွေ့ဆုံစဉ် ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟောင်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ထောက်ခံ

ပါကစ္စတန်နိုင်ငံသည် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံဖြစ်လာရန် လိုလားလျက်ရှိရာ ကမ္ဘောဒီးယားက ထောက်ခံကြောင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနှင့် ပါကစ္စတန်နိုင်ငံတို့၏ အပြန်အလှန်ဆက်ဆံရေး တိုးတက်စေရန်အတွက် ၂၀၀၅ ခုနှစ်က ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ပါကစ္စတန်သံရုံးကို ဖွင့်လှစ်ခဲ့သည်။

တိုးတက်ခဲ့

ထို့အတူ ကမ္ဘောဒီးယားသံရုံးကိုလည်း ပါကစ္စတန်နိုင်ငံ၌ ဖွင့်လှစ်ထားခဲ့သည်။ ထိုသို့ သံတမန်ဆက်ဆံရေး ထူထောင်နိုင်ခဲ့မှုကြောင့် နှစ်နိုင်ငံဆက်ဆံရေးလည်း တိုးတက်ခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျာမနီနိုင်ငံ အရှေ့ပိုင်း ကလိန်ဝမ်ဂန်မြို့ရှိ ရေးဟောင်းသုတေသန အဆောက်အအုံကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကားပြပွဲ

ရောမမြို့၌ ကျင်းပသည့် အီတလီနိုင်ငံ ဖာရာရီကုမ္ပဏီ၏ နှစ် (၆၀) ပြည့် အထိမ်းအမှတ် ကားပြပွဲကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဆိုက်ပရပ်စ်နိုင်ငံ နီကိုးရှား၌ အပူလှိုင်း ကျရောက်

နီကိုးရှား ဇွန် ၂၅

ဆိုက်ပရပ်စ်နိုင်ငံ နီကိုးရှားမြို့၌ ဇွန် ၂၄ ရက်မှစတင်ကာ အပူချိန် ၄၀ ဒီဂရီ ဆဲလ်စီးရပ်စ်အထိမြင့်တက်ခဲ့ရာ အပူလှိုင်းကျရောက်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ပြောကြား

မြေထဲပင်လယ် အရှေ့ဘက်မှ လေပူများ တိုက်ခတ်လျက်ရှိရာ အပူချိန်မှာ ဆက်လက်မြင့်တက်နေမည်ဖြစ်ကြောင်း ရာသီဥတု ကျွမ်းကျင်သူများက ပြောကြားသည်။

သတိပေး

ပြည်သူများအနေဖြင့် ရေနှင့် ဖျော်ရည် များများသောက်ရန်၊ ပေါ့ပါးသော အဝတ်အထည်များကို ဝတ်ဆင်ရန်နှင့် ပြင်းထန်သောလေ့ကျင့်မှုများ မပြုလုပ်ရန် ဆရာဝန်များက သတိပေးထားသည်။

ဆိုက်ပရပ်စ်တွင် ယခု အပူချိန်သည် မြင့်မားသော အပူချိန်အဖြစ် စံချိန်တင်ရမည်ဖြစ်ကြောင်း၊ ရေအရင်းအမြစ်များလည်း လျော့နည်းသွားဖွယ်ရှိကြောင်း ဆိုက်ပရပ်စ် အပတ်စဉ်သတင်းစာ၌ ဖော်ပြသည်။

ထုတ်ပြန်ပေးထား

ထို့အပြင် အပူချိန်မြင့်မားမှုကြောင့် တောမီးများ လောင်ကျွမ်းမှုနှင့် နိုင်ငံတစ်ဝန်း မီးလောင်မှုများ ဖြစ်ပေါ်နိုင်သဖြင့် သစ်တောရေးရာဌာနကလည်း သတိပေးချက် ထုတ်ပြန်ထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် လက်မှုအနုပညာ ကြွေထည်ပြပွဲ၌ ပြသထားသည့် ကြွေထည်ရုပ်များကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

လက်ဘနွန်၌ တိုက်ခိုက်မှုဆက်လက်ဖြစ်ပွား တပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘေရွတ် ဇွန် ၂၅

လက်ဘနွန်နိုင်ငံမြောက်ပိုင်းရှိ ပါလက်စတိုင်းဒုက္ခသည်များစခန်း၌ လက်ဘနွန် တပ်ဖွဲ့ဝင်များနှင့် ဖာတာစစ်သွေးကြွ လက်နက်ကိုင်များ အပြန်အလှန်ပစ်ခတ်မှုကြောင့် ဇွန်၂၂ရက်က လက်ဘနွန်တပ်ဖွဲ့ဝင် လေးဦးသေဆုံးသွားခဲ့ကြောင်း လက်ဘနွန်သတင်းဌာန အယ်လ်အင်န်အင်န်အေက သတင်းထုတ်ပြန်သည်။

သေဆုံး

ဖာတာစစ်သွေးကြွ လက်နက်ကိုင်များ ပစ်ခတ်မှုကြောင့် လက်ဘနွန်တပ်ဖွဲ့ဝင် တစ်ဦး နေရာ၌ပွဲချင်းပြီးသေဆုံးခဲ့ပြီး ကျန်တပ်ဖွဲ့ဝင်သုံးဦးမှာ ဒဏ်ရာကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်။

အဆုံးသတ်နိုင်

လက်ဘနွန် ကာကွယ်ရေးဝန်ကြီး အီလ်မိုက်ကယ်မူရာသည် မကြာမီက ပြောကြားခဲ့ရာတွင် တစ်လတာကြာမြင့်နေသည့် အပြန်အလှန် တိုက်ခိုက်မှုကို အဆုံးသတ်နိုင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖြစ်ပွားလျက်ရှိ

ဖာတာစစ်သွေးကြွ လက်နက်ကိုင်များက ဒုက္ခသည်စခန်း ပတ်ဝန်းကျင်၌ ခုခံတိုက်ခိုက်နေဆဲဖြစ်ကြောင်း၊ လက်ဘနွန်တပ်ဖွဲ့ဝင်များက အဆိုပါဒုက္ခသည်စခန်းကို သိမ်းပိုက်နိုင်ခဲ့သော်လည်း အပြန်အလှန်ပစ်ခတ်မှုများ ဖြစ်ပွားလျက်ရှိကြောင်း အယ်လ်အင်န်အင်န်အေသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့၌ လေပြင်းမုန်တိုင်း တိုက်ခတ်ပြီးနောက် ရေလွှမ်းမှုများ ဖြစ်ပေါ်နေသည်ကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။

(သတင်းဖော်ပြပြီး) (ဓာတ်ပုံ–အင်တာနက်)



ဂျပန်နိုင်ငံ မြောက်ပိုင်း၌ ငလျင်လှုပ်

တိုကျို ဇွန် ၂၅

ဂျပန်နိုင်ငံမြောက်ပိုင်း ဟိုကိုင်းဒိုးကျွန်း၌ ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် ရစ်ချ်တာစကေး ၅ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်သွားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒဌာနက သတင်းထုတ်ပြန်သည်။

ဗဟိုပြု

ယင်းငလျင်သည် ဟိုကိုင်းဒိုးကျွန်း၏တောင်ပိုင်း မြေအောက် ကီလိုမီတာ ၁၂၀ ကို ဗဟိုပြု၍ ယင်းနေ့နံနက် ၇နာရီ မိနစ် ၂၀ က လှုပ်သွားခဲ့သည်။

ဖော်ပြ

အဆိုပါ ငလျင်ဒဏ်ကြောင့် သေဆုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုများ မရှိကြောင်း၊ ဆူနာမီဖြစ်ပေါ်နိုင်သည့် အခြေအနေလည်းမရှိကြောင်း အဆိုပါသတင်းဌာနက ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့အရှည်ဆုံးမြစ် အမေဇုန်မြစ်ဟုဆို

ဘရာဇီးလီးယား ဇွန် ၂၅

ကမ္ဘာပေါ်တွင် ကီလိုမီတာ ၆၈၀၀ ရှည်သည့် အမေဇုန်မြစ်သည် ကမ္ဘာ့အရှည်ဆုံးမြစ်ဖြစ်သည်ဟု ဘရာဇီးသိပ္ပံပညာရှင်များက ဇွန် ၂၂ ရက်၌ သတင်းထုတ်ပြန်ခဲ့သည်။

အာဖရိကတိုက်ရှိ အီဂျစ်နိုင်ငံမှ နိုင်းမြစ်အရှည်မှာ ၆၆၉၅ ကီလိုမီတာရှိရာ ကမ္ဘာ့အရှည်ဆုံးမြစ်အဖြစ် ယခင်က လက်ခံထားကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

အမျိုးသမီးရေးရာ အသိပညာပေးဟောပြောပွဲ ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပ

နေပြည်တော် ဇွန် ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ပြန်ကြားရေးရာဌာနကြီးမှူး ဒေါ်ကြည်ကြည်ဝင်း၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ၊ တိုင်းရင်းသားရေးရာလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်၊ အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်နီလာသော်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် လုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင်များဖြစ်သော ဒေါ်ခင်မစိုး၊ ဒေါ်ကြည်ကြည်မြတို့သည် ဇွန်၂၂ရက် မွန်းလွဲပိုင်းတွင် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည့် အမျိုးသမီးရေးရာ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ကြသည်။

တက်ရောက်

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ပျဉ်းမနားမြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြက အမျိုးသမီးများအား အကြမ်းဖက်ခံရခြင်းနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းရပ်များအကြောင်းကို လည်းကောင်း၊ လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းအဖွဲ့ခွဲ အတွင်းရေးမှူး ဒုတိယရဲမှူး ဒေါ်ဥမ္မာရင်မိက လူမှောင်ခိုနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း အကြောင်းကို လည်းကောင်း အသီးသီးအကျယ်တဝင့် ရှင်းလင်းပြောကြားကြသည်။

ဟောပြောပွဲအပြီးတွင် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က ကျောင်းသုံးဗလာစာအုပ် ဒါဇင်၂၀နှင့် ဘောပင် ဒါဇင် ၂၀၊ ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဒေါ်တင်တင်နွဲ့မိသားစုက ယဉ်ကျေးလိမ္မာစာအုပ် အုပ်ရေ ၂၀၀၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်-ဒေါ်အေးအေး မိသားစုက အားကစားပစ္စည်းများ၊ ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ-ဒေါ်မြသီဂီ မိသားစု၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး- ဒေါ်နီနီဝင်းမိသားစု၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း-ဒေါ်ခင်မိမိ မိသားစုတို့က အလှူငွေ ကျပ်တစ်သိန်းစီကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးစိုးလှိုင်က လက်ခံယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ထို့ကြောင့် မြန်မာအမျိုးသမီးဟုခေါ်သည်

❁ မြင်သူရှငေး၊ ငယ်နုသွေး
မလေးစံပယ်၊ ငွေဝတ်နွယ်
မင်းဘယ်မှာ မွေးခဲ့ပါတယ်။

❁ ကျွန်မမွေးတာ၊ ပြည်မြန်မာ
ကမ္ဘာပေါ်မှာ၊ အလှဆုံးပါ
ကျွန်မ မြန်မာအစစ်ပါ။

❁ စံပယ်မလေး၊ မေးချင်သေး
မွေးရပ်ကိုလျှင်၊ ပြစ်မမြင်
ချစ်ခင် မြတ်နိုးရဲ့လားကွယ်။

❁ မေးမှမေးတယ်၊ မောင်ကြီးရယ်
သည်ကမ္ဘာဝယ်၊ အလှဆုံးကြွယ်
ပြည်မြန်မာကို အချစ်ဆုံးကွယ်။

❁ ချစ်ခင်မြတ်နိုး၊ ကိုယ့်မြေအကျိုး
သယ်ပိုး ဘယ်သို့၊ ဆောင်ပါ့မယ်။
မလေးစံပယ် ဖြေစမ်းကွယ်။

❁ မျိုးဂုဏ် ရိုးဂုဏ်၊ ဘိုးဘွားဂုဏ်
လုံးစုံ ကျွန်မ စောင့်ထိန်းမယ်။
ဖြူဖြူ မည်းမည်း၊ လူမျိုးကွဲ
အမြဲလွဲအောင် ရှောင်ပါ့မယ်။
တလွဲတချော်၊ အမေကျော်
ဒွေးတော်လွှမ်းစိတ် ဘေးကိုဖယ်။
တိုင်းပြည် ငြိမ်းအေး၊ ဖွံ့ဖြိုးရေး
အားပေးထောက်ကူ ပြုပါ့မယ်။
သူခိုးကိုမုန်း၊ ဓားရိုးကမ်း
ဆိုးသွမ်းသူကို ရှုတ်ချမယ်။
တိုင်းပြည်အားထား၊ ရဲမာန်ကြွား
သားသမီးတွေ မွေးပါ့မယ်။
ဆွေစဉ်မျိုးဆက်၊ တိုင်းပြည်တွက်
မပျက်စဉ်လာ ထိန်းပါ့မယ်။

❁ ကောင်းပါလေ့ကွယ်၊ မစံပယ်
မျိုးဂုဏ်ရိုးဂုဏ် စောင့်ထိန်းတယ်။
ဂုဏ်ယူဖွယ်ပ၊ ချစ်နှမ
ဒါမှ မြန်မာမ။ ။

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

ခွန်ရဲသွေး(အေးသာယာ)

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်းလှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၅

အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့တွင် ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၂၅၈ပါးနှင့် အာသံ၊ တိပူရ၊ မဏိပူရဒေသများရှိ သံဃာတော် အပါး၄၀၀တို့အတွက် မဇ္ဈိမဒေသ (၂၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၅၄၅၂၁၅၊ ၅၄၅၂၁၆၊ ၅၅၅၁၇၃၊ ၇၂၇၇၄၆၊ ၅၃၆၃၄၈နှင့် ၅၄၂၂၃၆ တို့သို့ ဇူလိုင် ၂၉ရက် နောက်ဆုံးထား ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅	အသိလိုက်မှ နိဗ္ဗာန်ရတရားတော် ဆရာတော်အရှင်တေဇာလင်္ကာရ (ဓမ္မာစရိယ) (ဓာတ်လုံးကျောင်းတိုက်)
၇း၅၅	ခုန်ပျံကျော်လွှား ကျွမ်းဘား အားကစား
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	Sunday Talk
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	အရိုးတွေဘာကြောင့် ပွလာတာလဲ (အပိုင်း-၄) (ပါမောက္ခ ဒေါက်တာချစ်စိုး)
၉း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	သိပ္ပံအကြောင်းသိကောင်းစရာ (သိပ္ပံမှူးတင်) "ဆေးရွက်ကြီးအန္တရာယ်"
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	မြန်မာစာ မြန်မာစကား(၄)
၁၁း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅	Music Gallery (မိုးသီချင်းများ)
၁၁း၂၅	မိုးလေဝသခန့်မှန်းချက်
၁၁း၃၀	လင်းလက်သောကြယ်ပွင့်လေးများ စုဝေးတည်ရှိခြင်း
၁၁း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	စွဲမက်ဖွယ်ရာ ရွှေတောင်ဒေသထွက် အစားအစာ
၁၂း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၀	Fashion Guide 'ဆန်းသစ်တီထွင် ကချင်တိုင်းရင်းသား ဖက်ရှင်'
၁၂း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅	အမွန်မြတ်ဆုံးလက်ဆောင် [နေရဲလင်း၊ နှင်းဥ၊ မေနံ့သာခင်၊ စောနိုင်(ရှမ်းပြည်)၊ ဒေါ်တင်တင်လှ] (ဒါရိုက်တာ-မောင်မောင်မြင့်)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇နာရီမှ မွန်းလွဲ ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိတစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ပြည်နယ်နှင့်တိုင်း အမျိုးသားအမျိုးသမီး လက်ဝှေ့အတန်းလိုက်ဆုများ ချီးမြှင့်ပေးအပ်

ရန်ကုန် ဇွန် ၂၅

၂၀၀၇ ခုနှစ် ပဉ္စမအကြိမ်မြောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (က)အဆင့်နှင့် (၃၈)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး သက်ငယ်တန်း(ဂ)အဆင့်၊ (ခ) အဆင့် တံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲကို ဇွန် ၂၃ရက် ညနေ ၃နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ပထမနေ့ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဆက်လက်ကျင်းပသည်။

ယှဉ်ပြိုင်

ပွဲစဉ်များအဖြစ် ပင်းဝိတ်၊ လိုက်ဖလိုင်းဝိတ်၊ ဖလိုင်းဝိတ်၊ဘင်တန်ဝိတ်၊ ဖယ်သာဝိတ်၊ လိုက်ဝယ်တာဝိတ်၊ ဝယ်တာဝိတ် (ဂ) အဆင့် ခုနစ်ပွဲ၊ ပင်းဝိတ်၊ လိုက်ဖလိုင်းဝိတ်၊ ဖလိုင်းဝိတ်၊ ဘင်တန်ဝိတ်၊ ဖယ်သာဝိတ်၊ လိုက်ဝိတ်၊ လိုက်ဝယ်တာဝိတ်၊ ဝယ်တာဝိတ်(ခ)အဆင့် ရှစ်ပွဲနှင့် အမျိုးသမီး ၄၆၊ ၄၈၊ ၅၀၊ ၅၂၊ ၅၄ ကီလိုတန်းပြိုင်ပွဲ ငါးပွဲ ယှဉ်ပြိုင်ကြသည်။

ဆုများချီးမြှင့်

ဆုပေးပွဲတွင် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်အတွင်းရေးမှူး ဦးစန်းမြင့်၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်နှင့် အမှုဆောင်များ၊ အုပ်ချုပ်သူများ၊ နည်းပြများက ပြည်နယ်နှင့်တိုင်း အမျိုးသား၊ အမျိုးသမီး အတန်းလိုက် ဆုရရှိကြသော အားကစားသမားများအား ဆုများချီးမြှင့်ကြကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးသန်းဇော်က (ဂ)အဆင့် ဖလိုင်းဝိတ်တန်း ပြိုင်ပွဲဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ကမ္ဘောဒီးယား၌ ခရီးသည်တင်လေယာဉ် ပျံသန်းစဉ်ပျောက်ဆုံး

ဖနောင်ပင် ဇွန် ၂၅

ကမ္ဘောဒီးယားနိုင်ငံတွင် ဇွန် ၂၅ရက် နံနက်က ကမ္ဘာလှည့်ခရီးသည်များပါရှိသော လေယာဉ်တစ်စင်း ပျံသန်းစဉ် ပျောက်ဆုံးသွားကြောင်း ကမ္ဘောဒီးယားလေကြောင်းအာဏာပိုင်များက သတင်းထုတ်ပြန်လိုက်သည်။

ပျောက်ဆုံး

အဆိုပါလေယာဉ်သည် အန်ကောဝပ်ဘုရားကျောင်းနှင့် ကမ်းရိုးတန်း အပန်းဖြေစခန်း စီဟာနော့ဗယ်လီသို့ ပျံသန်းနေစဉ် ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

၎င်းလေယာဉ်ပေါ်၌ တောင်ကိုရီးယားနိုင်ငံသား ၁၃ဦး၊ ချက်နိုင်ငံသား သုံးဦးနှင့် ကမ္ဘောဒီးယားနိုင်ငံသား လေယာဉ်အမှုထမ်းများအပါအဝင် စုစုပေါင်း ၂၀ လိုက်ပါသွားကြသည်။

ပျက်ကျဖွယ်ရှိ

လေယာဉ် မည်သို့ပျောက်ဆုံးသွားသည်ကို မသိရသေးသော်လည်း ကမ္ဘောဒီးယားနိုင်ငံ အနောက်တောင်ပိုင်း ကမ်ပေါ့ပြည်နယ်ရှိ တောင်ထူထပ်ရာဒေသ၌ ပျက်ကျဖွယ်ရှိကြောင်း ကမ္ဘောဒီးယားလေကြောင်း အာဏာပိုင်များက ပြောကြားသည်။

မူးယစ်ဆေးဝါးဆန့်ကျင်ရေးပညာပေး

ရန်ကုန် ဇွန် ၂၅

အင်းစိန်မြို့နယ် ရဲတပ်ဖွဲ့နှင့် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းတို့က ကြီးမှူးကျင်းပသည့် မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေး ပညာပေးဟောပြောပွဲကို ဇွန် ၂၂ရက်တွင် ပိန္နဲကုန်းရပ်ကွက်ရှိ သဲအင်းရေအရိယာဓမ္မာရုံ၌ ကျင်းပရာ

မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ဒုတိယဥက္ကဋ္ဌ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုနိုင်တို့က အမှာစကား ပြောကြားကြသည်။ **(ဝဲပုံ)**

ကျေးဇူးတင်စကား

ထို့နောက် မြို့နယ်မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း နာယက ဦးအေးသိန်းနှင့် ဥက္ကဋ္ဌ ဦးယဉ်ကျော် (ဒါရိုက်တာ မောင်ယဉ်ကျော်)တို့က မှုခင်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးတို့ကို ဟောပြောကြပြီး ဒုတိယဥက္ကဋ္ဌ ဦးစိုးဝင်း (စဉ့်ကူစိုးဝင်း)က ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက် ဘိန်းစိုက်ပျိုးမှုနှစ်စဉ်ကျဆင်းလျက်ရှိကြောင်း UNODC ၏ အစီရင်ခံစာများအရ သက်သေခံလျက်ရှိ ပညာပေးပြပွဲပြိုင်ပွဲများ၌ လူငယ်များပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအထောက်အကူဖြစ်

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးထံမှ ပေးပို့သည့်သဝဏ်လွှာ–

ယနေ့သည် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ဖြစ်သည်နှင့်အညီ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးတွင် မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပလျက်ရှိနေကြမည်ဖြစ်ပါသည်။ ထိုနည်းတူ မိမိတို့နိုင်ငံတစ်ဝန်းလုံးရှိ ပြည်နယ်၊တိုင်းအသီးသီးတွင်လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အခမ်းအနားများကို တူညီသောရည်မှန်းချက်ဖြင့် လှုပ်ရှားဆောင်ရွက်နေကြလိမ့်မည်ဟု ယုံကြည်ပါသည်။

ဆောင်ပုဒ်

ဒီနှစ်မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ရဲ့ ဦးတည်ချက်နဲ့ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)မှ ချမှတ်ပေးလိုက်သော ၂၀၀၇ခုနှစ် ဆောင်ပုဒ်မှာ**"မူးယစ်ဆေးက မင်းဘဝကို လွှမ်းမိုးနေသလား... မင်းဘဝ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိ ..."** Do drugs Control YOUR LIFE? Your Life. Your Community. No Place for drugs ... ဟူ၍ ဖြစ်ပါသည်။

အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ မူးယစ်အန္တရာယ်ဟာ အများအားဖြင့် လူငယ်များအတွင်း ထိုးဖောက်ဝင်ရောက် နေရာယူနေတာဖြစ်သည်။ မူးယစ်ဆေးဝါးအန္တရာယ်ကြောင့် HIV/AIDS စတဲ့ ရောဂါတွေဖြစ်ပွားပြီး လူငယ်များ ဘဝဟာ ပန်းတိုင်မရောက်ခင် ပျက်စီးဆုံးရှုံးသွားရတာများပါသည်။ ထို့ကြောင့် လူငယ်များဘဝအတွင်းရော လူသားအားလုံးရဲ့ ဘဝ ပတ်ဝန်းကျင်တစ်ခုလုံးမှာပါ မူးယစ်ဆေးဝါးဆိုတဲ့ အန္တရာယ်ဆိုးကြီး ဝင်ရောက်မလာနိုင်ရန် ပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်နေရာမပေးဘဲ တွန်းလှန်ဖြိုဖျက်ပစ်ရမည်ဆိုသည့် အဓိပ္ပာယ်ကို ဖော်ညွှန်းလိုက်ခြင်းဖြစ်ပါသည်။

တိုက်တွန်းနှိုးဆော်

သို့ဖြစ်၍အဆိုပါဆောင်ပုဒ်နှင့်အညီ ကျွန်တော်တို့မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့များအနေဖြင့် မိမိတို့ဒေသအသီးသီးတွင် မူးယစ်ဆေးဝါး အလွဲသုံးစွဲမိသဖြင့် ဆေးစွဲသူဘဝရောက်ရှိနေသူများအား မူးယစ်ဆေး၏ လွှမ်းမိုးမှုမှကင်းဝေးရန်နှင့် ဘဝတစ်သက်တာ မူးယစ်ကင်းစင်သည့်ဘဝ ပြန်လည်ရောက်ရှိအောင် ပညာပေး ပြုစုကုသရေးဆောင်ရွက်ပေးကြရန်တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ၁၅ နှစ်စီမံကိန်းရေးဆွဲပြီး ၁၉၉၉–၂၀၀၀ပြည့်နှစ်မှ စတင်အကောင်အထည်ဖော်လျက်ရှိရာ ပထမငါးနှစ်စီမံကိန်းကာလ ရည်မှန်းချက်များအား အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီး ဒုတိယငါးနှစ်စီမံကိန်းကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဘိန်းစိုက်ပျိုးမှုမှာလည်း နှစ်စဉ်လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ မြန်မာ–အမေရိကန်နှစ်နိုင်ငံ ဘိန်းအထွက်နှုန်း တိုင်းတာခြင်းနှင့် မြန်မာ–UNODC တို့ ပူးပေါင်း၍ တရားမဝင် ဘိန်းစိုက်ပျိုးမှုမြေပြင်စာရင်းကောက်ယူခြင်းလုပ်ငန်း အစီရင်ခံစာများအရ သက်သေခံလျက်ရှိပါသည်။

အထောက်အကူဖြစ်

ထို့အပြင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာမှာ မူးယစ်ဗဟိုအဖွဲ့၏ လုပ်ငန်းအဖွဲ့များဖြစ်သည့် ဆေးကုသရေးလုပ်ငန်းအဖွဲ့၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ ကျောင်းသားလူငယ်များအသိပညာပေးရေးလုပ်ငန်းအဖွဲ့နှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးလုပ်ငန်းအဖွဲ့များမှလည်း စီမံချက်ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းသားလူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်ရေးအတွက် သက်ဆိုင်ရာဆရာ ဆရာမများက ပညာပေးဆွေးနွေးခြင်း၊ စာပေ၊ ဂီတ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာစသည့် ပြိုင်ပွဲများတွင် ကျောင်းသားလူငယ်များအား အဓိကပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကို များစွာအထောက်အကူဖြစ်စေခဲ့ပါသည်။

ဆောင်ရွက်ပေး

အဆိုပါ မူးယစ်ဆေးဝါးပပျောက်ရေးအတွက် ကျန်းမာရေးဦးစီးဌာနမှ ဆေးကုဌာနကြီး ၂၆ ခုနှင့် ဆေးကုဌာနငယ် ၄၀ ဖြင့် မူးယစ်ဆေးစွဲသူများအား ဆေးကုသပေးလျက်ရှိပါသည်။ ဆေးဝါးကုသမှုခံယူပြီးနောက် ပြန်လည်ထူထောင်ရေးစခန်း ခုနစ်ခုကို ပြည်နယ်၊ တိုင်းများတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိပြီး မူးယစ်ဗဟိုအဖွဲ့၏ ကြီးကြပ်မှုဖြင့် ရွှေပြည်သာနှင့် ရွှေပြည်အေးလူငယ်ပြုစုပျိုးထောင်ရေးစခန်း နှစ်ခုကို ဖွင့်လှစ်၍ မူးယစ်ဆေးစွဲသူများ ဆေးကုသပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျဆင်းလာ

ပြည်နယ်၊ တိုင်းများအလိုက် မူးယစ်ဆေးဝါးသုံးစွဲသူများ အခြေခံစာရင်းကောက်ယူရေးလုပ်ငန်းအရ ၂၀၀၄ခုနှစ်တွင် မူးယစ်ဆေးသုံးစွဲသူ ၆၃၆၁၅ဦးရှိရာမှ ၂၀၀၇ခုနှစ် ဇန်နဝါရီလအထိ စာရင်းကောက်ယူရာတွင် ၅၆၈၂၃ဦးသာ ရှိကြောင်းတွေ့ရှိရသဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများဟာ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

အောင်မြင်မှု

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကဏ္ဍတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်မှုနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် နိုင်ငံဖြတ်ကျော်ဂိုဏ်းဖွဲ့၍ မူးယစ်ဆေးဝါး ပြစ်မှုကျူးလွန်သူများကို ထိထိရောက်ရောက် ဖမ်းဆီးတရားစွဲဆိုနိုင်ခြင်းမှာလည်း တားဆီးရေးကဏ္ဍ၏ အောင်မြင်မှုပင်ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၇ခုနှစ်ဆောင်ပုဒ်ဖြစ်သည့် **"မူးယစ်ဆေးက မင်းဘဝကို လွှမ်းမိုးနေသလား... မင်းဘဝ မင်းပတ်ဝန်းကျင်မှာ မူးယစ်ဆေးအတွက် နေရာမရှိ..."** Do drugs Control YOUR LIFE ? Your Life. Your Community. No Place for drugs... ဟူသော ဆောင်ပုဒ်နှင့်အညီ လူသား တစ်ရပ်လုံး၏ ဘဝပတ်ဝန်းကျင်တစ်ခုလုံး မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် ပြည်သူလူထုတစ်ရပ်လုံး လက်တွဲညီညီ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူများရပ်တန့်ရေး ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုဖြင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းမြှင့်တင် ဆေးစွဲသူများအား လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ရေးဆောင်ရွက်

နေပြည်တော် ဇွန် ၂၆

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုပပျောက်ရေးနေ့ အခမ်းအနားသို့ UNODCအမှုဆောင်ညွှန်ကြားရေးမှူး မစ္စတာအင်တိုနီယို မာရီယာ ကော့စတာပေးပို့သောသဝဏ်လွှာ–

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု ပပျောက်ရေးနေ့ဟူ၍ ကျွန်ုပ်တို့ သတ်မှတ်ကျင်းပနိုင်လောက်အောင်ပင် မူးယစ်ဆေးဝါးစွဲခြင်းဟူသော အရှိန်အဟုန်ပြင်းထန်လှသည့် ဖြစ်စဉ်ကြီးကို အရှိန်လျှော့ချနိုင်ခဲ့ပြီဟု ယူဆနိုင်မည့် အပြုသဘောဆောင်သော အခြေခံကောင်းများ ရှိနေခဲ့ပြီဖြစ်ပါသည်။ UNODCက ယနေ့ထုတ်ပြန်ခဲ့သော ၂၀၀၇ခုနှစ် ကမ္ဘာ့မူးယစ်ဆေးဝါးအစီရင်ခံစာတွင်လည်း ကမ္ဘာ့မူးယစ်ဆေးဝါးပြဿနာကို ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း အထောက်အထားများဖြင့် ဖော်ပြထားပါသည်။ တရားမဝင် မူးယစ်ဆေးဝါးများဖြစ်ကြသော ကိုကင်း၊ ဟီးရိုးအင်း၊ ဆေးခြောက်နှင့် ATS အားလုံးလိုလိုပင် စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် အလွဲသုံးခြင်း ကဏ္ဍအသီးသီး၌ တည်ငြိမ်မှုလက္ခဏာများကို တွေ့ရပါသည်။

ထိန်းချုပ်ကန့်သတ်

အခြားထင်ရှားသော ပြဿနာများကား ကျန်ရှိနေဆဲဖြစ်ပါသည်။ သာဓကအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းမှ ဘိန်းပြဿနာဖြစ်ပြီး ယင်းပြဿနာက ကင်ဆာရောဂါသဖွယ် နိုင်ငံလုံခြုံရေးနှင့် ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိပြီး အဂတိလိုက်စားမှုကိုလည်း ရှင်သန်ပွားများစေပါသည်။ ထို့ပြင် အချို့နိုင်ငံများ၌ တိုးတက်အောင်မြင်မှုများ ရရှိနေစေကာမူ အခြားနေရာများ၌ အနုတ်လက္ခဏာဆောင်သော အလားအလာများကြောင့် တစ်ဖက်စောင်းနင်းဖြစ်စေပါသည်။ ကိန်းဂဏန်းအချက်အလက်ဆိုင်ရာများ ချို့တဲ့ခြင်းကြောင့် ကမ္ဘာ့အကြီးဆုံးနှင့် ဖွံ့ဖြိုးမှုနှုန်းမြန်ဆန်သော နိုင်ငံကြီးအချို့တွင် ဖြစ်တည်နေသော မူးယစ်ဆေးဝါးအခြေအနေကို ကောက်ချက်ချရန် ခက်ခဲလျက်ရှိပါသည်။ မည်သို့ဆိုစေကာမူ ကမ္ဘာအဝန်းရှုမြင်ပါက ယင်းပြဿနာကို ထိန်းချုပ်ကန့်သတ်နိုင်ခဲ့သည်ဟု မြင်နိုင်ပေသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းကပင် ကမ္ဘာ့မူးယစ်ဆေးဝါး အခြေအနေမှာ တည်ငြိမ်ခဲ့ပြီးဖြစ်ပေသည်။

ဆိုးရွားစွာအန္တရာယ်ပြု

ဤသို့ဆိုခြင်းကြောင့် မူးယစ်ဆေးဝါးပြဿနာ လုံးဝဖြေရှင်းခဲ့ပြီးဖြစ်သည်၊ သို့မဟုတ် ကျွန်ုပ်တို့အနေဖြင့် ကျေနပ်ရောင့်ရဲနိုင်ပြီဟု ဆိုလိုခြင်းမဟုတ်ပေ။မူးယစ်ဆေးဝါးများကြောင့် ကြောက်မက်ဖွယ်ရာ ဆေးစွဲမှု၊ လုံခြုံရေးနှင့် ကျန်းမာရေးကိုဆိုးရွားစွာအန္တရာယ်ပြုနိုင်မှု၊ ကမ္ဘာအဝန်းမှ လူ့အသက်ပေါင်း သန်းနှင့်ချီ၍ပျက်စီးစေနိုင်မှု စသည့် အန္တရာယ်များကား တည်ရှိနေဆဲပင်ဖြစ်ပါသည်။ သို့ဖြစ်၍ ဆက်လက် ဆောင်ရွက်ရန်များစွာ ရှိနေပါသေးသည်။ ထို့ကြောင့် မိမိတို့၏အရှိန်ကို လျှော့မပစ်ဘဲ ယနေ့အထိမ်းအမှတ်အခမ်းအနားတွင် သင်တို့ အစိုးရများ၊ မိသားစုများ၊ မိတ်ဆွေများနှင့် လုပ်ဖော်ကိုင်ဖက်များအား မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် ဆက်လက်အားထုတ်ကြိုးပမ်းကြရန် ကျွန်ုပ်အနေဖြင့် တိုက်တွန်းအားပေးကြောင်း ဖော်ပြအပ်ပါသည်။

ဘိန်းနှင့် မူးယစ်ဆေးဝါးများမှ ရရှိနိုင်သော တရားမဝင် ဝင်ငွေများအပေါ် စိုက်ပျိုးရေးသမားများက မက်မောတပ်မက်နေသည့် အားနည်းချက်ကို လျှော့ချနိုင်အောင် အထောက်အပံ့များ ပိုမိုပေးအပ်ရန် လိုအပ်နေဆဲဖြစ်ပါသည်။ မူးယစ်ဆေးဝါးထုတ်လုပ်သူများနှင့် သယ်ဆောင်ရောင်းဝယ်သူများ လုံးဝရပ်တန့်သွားစေရန် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများဖြင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ထပ်လောင်း မြှင့်တင်ပေးရန် လိုအပ်လျက်ရှိပါသည်။

နည်းလမ်းရှာ

မူးယစ်ဆေးဝါးများကို ထုတ်လုပ်ရာ အရင်းအမြစ်များ၌ အပြီးအပိုင်ချေမှုန်းဖယ်ရှားခြင်း၊ သယ်ဆောင်ဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်၌ ဖမ်းဆီးပစ်ခြင်း ဆောင်ရွက်နိုင်လျှင်ပင် လူသန်းပေါင်းများစွာသော မူးယစ်ဆေးစွဲသူများကလည်း ၎င်းတို့၏ မူးယစ်ဆေးစွဲသည့် ပြဿနာကိုဖြေရှင်းနိုင်ရန် နည်းလမ်းရှာနေကြဦးမည်ဖြစ်ပါသည်။ သို့ဖြစ်၍ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးတွင် အမြင့်ဆုံး ဦးစားပေးအစီအစဉ်များအဖြစ် ကြိုတင်တားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအပေါ် အမှီခိုကင်းစေရေးအတွက် ကူညီစောင့်ရှောက်ရေးနှင့်မူးယစ်ဆေးစွဲသူများအား လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့ရေးတို့ကို သတ်မှတ်ဆောင်ရွက်သင့်ပါသည်။

အားတက်ဖွယ်

မူးယစ်ဆေးဝါးစွဲခြင်းမှာ ရောဂါတစ်မျိုးဖြစ်ပြီး ယင်းကိုကြိုတင်ကာကွယ်ခြင်းနှင့် ကုသခြင်းပြုနိုင်ကြောင်း သိရှိနားလည်မှုများ တိုးတက်လာသည်ကိုတွေ့မြင်ရသဖြင့် အားတက်ဖွယ်ရာ ဖြစ်ပါသည်။ ဤနယ်ပယ်တွင် ပိုမိုရင်းနှီးမြှုပ်နှံရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း၏ ကျန်းမာရေးရင်းနှီးမြှုပ်နှံမှုများဖြစ်သော HIV ရောဂါ၊ ဆီးချိုရောဂါနှင့် တီဘီ (အဆုတ်နာ)ရောဂါတို့ကို ကုသရန် ရင်းနှီးမြှုပ်နှံရသည့် ပမာဏအတိုင်း ရှိသင့်ပါသည်။

လာမည့်နှစ်များအတွင်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို ဆုံးခန်းတိုင်ရောက်ရှိအောင် ကူညီထောက်ပံ့မည့် အလားအလာများ တိုးတက်ရရှိလာလိမ့်မည်ဟု မျှော်လင့်ရပါသည်။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းများ၊ ကမ္ဘာ့မိသားစုဝင်နိုင်ငံများနှင့် ကျွန်ုပ်တို့အားလုံးက မိမိတို့၏ ကျရာတာဝန်ကို ဆက်လက် ပခုံးပြောင်းထမ်းရွက်ကြမည်ဆိုပါက ဆက်လက်တိုးတက်မှုများကို ဆောင်ကြဉ်းရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ ။

မှတ်သားဖွယ်ရာ မိုးရေချိန်

(၂၅–၆–၂၀၀၇)

ရန်ကုန်(မင်္ဂလာဒုံ)	၃ ဒသမ ၉၈	လက်မ
ထားဝယ်	၃ ဒသမ ၅၀	လက်မ
ကသာ	၁ ဒသမ ၂၆	လက်မ

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားသရုပ်ပြပွဲများကျင်းပ

ရန်ကုန် ဇွန် ၂၅

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစားသရုပ်ပြပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်သက်ထွေး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးနှင့်ကော်မတီဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် တာဝန်ခံနာယကများ၊ နာယကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယက ဒေါ်ခင်သက်ထွေး မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် အားကစား လှုပ်ရှားမှု သရုပ်ပြပွဲ အခမ်းအနားတွင် ကြည့်ရှုအားပေးစဉ်။

(အား/ကာ)

အားကစားသရုပ်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်မှ မြန်မာ့သိုင်း သရုပ်ပြသခြင်း၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ ဝူရှူး အားကစား သရုပ်ပြသခြင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်၏ ၂၀၀၈ခုနှစ် ပြည်နယ်နှင့်တိုင်း အေရိုးဗစ်ပြိုင်ပွဲတွင် ပြောင်းလဲကျင်းပမည့် အခြေခံ အေရိုးဗစ်လေ့ကျင့်ခန်းများသရုပ်ပြသခြင်း၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်မှ ကျွမ်းဘား အားကစားသရုပ်ပြသခြင်း၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်က လေ့ကျင့်ပေးထားသည့် လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းတို့မှ ကျောင်းသူလေးများ၏ အေရိုးဗစ်လေ့ကျင့်ခန်းများအသုံးချပြီး Olympic ကွင်းသရုပ်ဖော် အားကစားသရုပ်ပြခြင်း အစီအစဉ်များ ပြသကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကျွမ်းဘားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစား အဖွဲ့ချုပ်တို့မှ သရုပ်ပြအားကစားအဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ထမ်းများ အဂတိတရားကင်းရှင်းပြီး တာဝန်ကျေပွန်အောင် အစဉ်တစိုက်ကြိုးပမ်း ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ စာရင်းများ၊ စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ စနစ်တကျလုပ်ကိုင်

နေပြည်တော် ဇွန် ၂၅

စာရင်းစစ်ချုပ်ရုံး ၂၀၀၇ခုနှစ် ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉နာရီက နေပြည်တော်ရှိ စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် တက်ရောက်အမှာစကား ပြောကြားသည်။

အမှာစကားပြောကြား

စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် စာရင်းစစ်ချုပ်ရုံး ၂၀၀၇ခုနှစ် ပထမအကြိမ်လုပ်ငန်း ညှိနှိုင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြီးဆုံးအောင်ကြည့်ရှု

လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမှာစကားပြောကြားရာတွင် ဝန်ထမ်းများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို အဂတိတရားကင်းရှင်းစွာဖြင့် ကျေပွန်အောင် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ၏ နှစ်ချုပ်စာရင်းများကို စစ်ဆေးသည့်အခါ၌ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြစေရန်အတွက် လမ်းကြောင်းအမှန်ပေါ် တင်ပေးနိုင်ရေးကို အလေးပေး ကြပ်မတ်စစ်ဆေးကြရန်နှင့် မှန်မှန်ကန်ကန် မျှမျှတတ စစ်ဆေးဖော်ထုတ်တင်ပြကြရန်၊ ငွေကြေးပမာဏ ကြီးမားသည့် အထူးစီမံကိန်းလုပ်ငန်းများကို စစ်ဆေးသည့်အခါ ဖိဖိစီးစီးစစ်ဆေးတင်ပြကြရန်နှင့် စစ်ဆေးတွေ့ရှိချက်များ ထိရောက်စေရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများက လိုက်နာဆောင်ရွက်မှုကို ပြီးဆုံးအောင် ကြည့်ရှုကြရန်တို့ကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ညွှန်ကြားရေးမှူးများက သက်ဆိုင်ရာ ကာလအတွင်းပြည်နယ်နှင့် တိုင်းများအလိုက် ဌာနဆိုင်ရာအဖွဲ့အစည်းများကို စစ်ဆေးအစီရင်ခံနိုင်မှုအခြေအနေ၊ အရေးကြီးသောစစ်ဆေးတွေ့ရှိချက်များနှင့် စပ်လျဉ်း၍သက်ဆိုင်ရာ အဖွဲ့အစည်းများ၏ အရေးယူဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ စာရင်းစစ်ရုံး ဝန်ထမ်းအင်အားအခြေအနေ၊ ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်မှုအခြေအနေနှင့် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေး

ယင်းနောက် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

လိုအပ်သည်များမှာကြား

ထို့နောက် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ဓာတ်ပုံပြိုင်ပွဲ ဆုရရှိသူများစာရင်းထုတ်ပြန်

ရန်ကုန် ဇွန် ၂၅

၂၀၀၇ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က **“ဘက်စုံဖွံ့ဖြိုး နိုင်ငံတော်အကျိုး အမျိုးသမီးများရွက်သယ်ပိုး”** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော ရောင်စုံဓာတ်ပုံ ပြိုင်ပွဲအတွက် ဆုရရှိသူများ၏ အမည်စာရင်းကို ပြိုင်ပွဲကျင်းပရေးကော်မတီက ယနေ့ ထုတ်ပြန်ကြေညာသည်။

ဆုရရှိ

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို ဇော်ဝင်းထွန်း(အား/ကာ)၊ ဒုတိယဆုကို A.K.Moe (သတ္တဗေဒ)၊ တတိယဆုကို ဦးလှထွန်း(မြန်မာနိုင်ငံဓာတ်ပုံအသင်း)တို့က ရရှိကြသည်။ အထူးဆုများကို မင်းဇာနည်ဇော်(အမရပူရ)၊ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊ စိုင်းခမ်းလင်း(Hawk Eyes)၊ ကိုဦး(Image Hunter)၊ ကျော်ဝင်းလှိုင်(ယဉ်ကျေးမှုတက္ကသိုလ်)၊ အောင်ငွေးလှိုင်နှင့်ထွန်းဆွေ(လှသရဖူ၊ မိုးကုတ်)တို့က ရရှိကြသည်။

ပေးအပ်ချီးမြှင့်

ဆုရရှိသူများအနက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ၂၀၀၇ခုနှစ် ဇူလိုင်၃ရက်တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကျင်းပမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနား၌ ဆုများကို ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုရရှိသူများအား မိမိတို့၏တိုင်းနှင့်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များက ကျင်းပကြမည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားများတွင် ဆုများကိုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆုရရှိသူများသည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အမှတ်(၁၃၂) သံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၀၁၇၇၃နှင့် ပြိုင်ပွဲကျင်းပရေးကော်မတီ အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂ တို့သို့ ဇွန် ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားရုံးချုပ်(နေပြည်တော်) တရားမအထူးအယူခံမှု စီရင်ချမှတ်

နေပြည်တော် ဇွန် ၂၅

တရားရုံးချုပ်(ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးခင်မြင့်နှင့် ဦးချစ်လွင်တို့ပါဝင်သော အထူးအယူခံခုံရုံးသည် ယနေ့ နံနက် ၁၀နာရီတွင် တရားရုံးချုပ်(နေပြည်တော်)တရားခွင် အမှတ်(၁)၌ ရုံးထိုင်၍ တရားမ အထူးအယူခံမှု ခြောက်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ပြည့်နှစ် တရားစီရင်ရေး ဥပဒေပုဒ်မ(၇)အရ တင်သွင်းသည့် တရားမ အထူးအယူခံမှု လေးမှုကို ကြားနာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

NLD သည် ပြည်ပနိုင်ငံကြီးအချို့ကို မှီခိုအားထားလွန်း၍ သူ့ကျွန်ဘဝရောက်အောင်ရှေးရှု ပြည်ပမှ ပေးကမ်းထောက်ပံ့စာဖြင့် ရပ်တည်လှုပ်ရှားနေသော ခေါင်းဆောင်အချို့ကြောင့် တိုင်းပြည်နှင့်လူမျိုး ယုံကြည်မျှော်လင့်နိုင်ခြင်းမရှိ၊ မြောင်မြို့နယ်မှ ပါတီဝင်ငါးဦးနုတ်ထွက်

ရန်ကုန် ဇွန် ၂၅

စစ်ကိုင်းတိုင်း မြောင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မရိုးကုန်းကျေးရွာနေ ဦးဘိုကျော်၊ ဦးမျိုးတင့်၊ မအေးအေးခိုင်၊ ဦးညွန့်ရှိန်နှင့် ဦးဆွေငြိမ်းတို့သည် ဇွန် ၁၆ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် ပြည်ပနိုင်ငံကြီးအချို့ကို မှီခိုအားထားလွန်းပြီး နိုင်ငံနှင့်လူမျိုး သူ့ကျွန်ဘဝရောက်အောင် ရှေးရှုလုပ်ဆောင်နေကြောင်း၊ ပြည်ပမှ ပေးကမ်းထောက်ပံ့စာများဖြင့် ရပ်တည်လှုပ်ရှားနေသော ခေါင်းဆောင်ပိုင်းအချို့ကြောင့် ၎င်းတို့သာ အာဏာရပါက တိုင်းပြည်နှင့်လူမျိုး၏အကျိုးကို မည်သို့မျှဖော်ဆောင်နိုင်မည်ဟု ယုံကြည်မျှော်လင့်နိုင်ခြင်းမရှိသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးထွန်းပေါ်ဦး[ညွှန်ကြားရေးမှူး၊ သစ်တောဦးစီးဌာန]–ဒေါ်ခင်အေးကြူ တို့၏
သားကြီး

မောင်သူရဝင်းထွန်း
B.Sc (Forestry), M.Sc (Natural Resource Management)
Mahidol University, Thailand

နှင့်

ရန်ကုန်မြို့နေ
ဒုတိယဗိုလ်မှူးကြီးရဲတင့်(ငြိမ်း)(ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်း၊ သစ်တောဦးစီးဌာန)–
ဒေါ်ငွေးရီမြင့်တို့၏ တစ်ဦးတည်းသောသမီး

မအိသီဂီတင့်
B.A (English), DA (LCCI,UK), Dip in Gemology

တို့အား နှစ်ဖက်သော မိဘဆွေမျိုးများ၏ သဘောတူညီချက်အရ ၂၅–၆–၂၀၀၇ရက်နေ့တွင် IBC ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သူရဝင်းထွန်း–မအိသီဂီတင့်

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ဗိုလ်မှူးတင်အေး [ညွှန်ကြားရေးမှူး၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၁)တည်ဆောက်ရေးစီမံကိန်း]–ဒေါ်မော်မော်နွယ်(တရားရုံးချုပ်ရှေ့နေ)တို့၏သားကြီး

ဗိုလ်အောင်တေဇ B.E (Mechanical)

နှင့်

မန္တလေးမြို့နေ (ဦးသန့်)–ဒေါ်ချစ်ချစ်(မြင့်မြင့်ခင် ထိုးမုန့်လမုန့်လုပ်ငန်း)တို့၏မြေး
ဦးကိုကို–ဒေါ်မြင့်မြင့်သိန်း(မြင့်မြင့်ခင် ထိုးမုန့် လမုန့်လုပ်ငန်း)တို့၏တစ်ဦးတည်းသောသမီး

မမဉ္ဇူကိုကို B.Sc (Physics)
INDIGO Fashion

တို့၏ ၁၀–၆–၂၀၀၇ ရက်တွင် Sedona Hotel Yangon ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ငွေးတို့အားလည်းကောင်း၊မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော ဗိုလ်မှူးချုပ်သောင်းမြင့်(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်အေးမူတို့အားလည်းကောင်း၊ ၇–၆–၂၀၀၇ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်တရားသူကြီး ဒေါက်တာတင်အောင်အေးအားလည်းကောင်း၊ အသိသက်သေများအဖြစ် ဆောင်ရွက်ပေးသော ရန်ကုန်တိုင်းတရားရုံး ဦးစီးအရာရှိ ဒေါ်ချိုချိုဝင်းနှင့် ဗိုလ်ကြီးရဲမြင့်အောင်တို့၏အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ကြွရောက်အားပေးချီးမြှင့်သော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ အရာရှိငယ်များနှင့်အမှုထမ်းများ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများ၊ အရာရှိငယ်များ၊ အမှုထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေးတေးသံရှင် ရတနာဦး၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော ဒေါက်တာသိန်းမြင့်သန်းအဖွဲ့နှင့် တေးသံရှင်များအားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ အပြင် လိုအပ်သည်များကိုကူညီဆောင်ရွက်ပေးသော မမဇူ(Zu Zu Collection)အားလည်းကောင်း၊ မိတ်ကပ် စိုးစိုးနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးသော May & Mark Gems အားလည်းကောင်း၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုများရိုက်ကူးပေးသော ဓာတ်ပုံဝဏ္ဏခွာဏီးနှင့်အဖွဲ့အားလည်းကောင်း၊ ပန်းအလှဆင်ပေးသော ပန်းလင်းလင်းနှင့်အဖွဲ့အားလည်းကောင်း၊မင်္ဂလာပန်းကြိုညီမငယ် မမေသီရိတင်နှင့် မင်္ဂလာပန်းကုံးနှင့် လက်စွပ်ဇန်းကိုင် မဆုဆုဦးတို့အားလည်းကောင်း၊ မင်္ဂလာသတို့သားအရံ ဗိုလ်ပြည့်ဖြိုးသူနှင့်ဗိုလ်ဟိန်းဇော်ဖြိုးတို့အားလည်းကောင်း၊ သတို့သမီးအရံ မဆုမွန်သွယ်နှင့် မစိမ့်စိမ့်ထက်တို့အားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲတွင် မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးပေးသော လင်းရဲသူနှင့်အဖွဲ့အားလည်းကောင်း၊ Sedona Hotel Yangon မှ ဝန်ထမ်းများအားလည်းကောင်း၊ Summit Park View Hotel ၌ ပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် Hotel ဝန်ထမ်းများအားလည်းကောင်း၊ ၁၇–၆–၂၀၀၇ ရက်တွင် Sedona Hotel Mandalay ၌ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသော စစ်ဘက်နယ်ဘက်မှ အရာရှိများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လက်ဝတ်ရတနာများ ဆင်မြန်းပေးသော နယူးစတားရတနာရွှေဆိုင်အားလည်းကောင်း၊ Mandalay Hill Resort Hotel ၌ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် ဟိုတယ်ဝန်ထမ်းများအားလည်းကောင်း၊ ရီရီဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးသော ဓာတ်ပုံ မောင်မောင်လှတင့်နှင့်အဖွဲ့အားလည်းကောင်း၊ ပန်းအလှဆင်ပေးသော မာမီကင်းနှင့်အဖွဲ့အားလည်းကောင်း၊ မင်္ဂလာပွဲများဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးသူများအားလုံးနှင့် အခြားကျေးဇူးတင်ထိုက်သူများအား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်အောင်တေဇ–မမဉ္ဇူကိုကို။

ကျေးဇူးဆပ်ပါမည်

ကျွန်မ ဒေါ်ဝင်းဝင်းမော်၏ ယာဉ်အမှတ် ထ/၂၅၆၆ ၏ အခွန်ကျေပုံစံ အစိမ်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း–၅၄၃၈၆၈။**

အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ရန်ကုန်မြို့တွင်းလေ့လာ

ရန်ကုန် ဇွန် ၂၅

အင်းစိန်မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူး၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ၊ အုပ်ချုပ်သူ ဆရာဆရာမများ၊ မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များသည် ဇွန် ၂၃ ရက် နံနက်ပိုင်းတွင် မြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနာယက ဦးဟုတ်စွန်နှင့် ဥက္ကဋ္ဌ ဦးယဉ်ကျော်(ဒါရိုက်တာ မောင်ယဉ်ကျော်) ဦးဆောင်၍ ရွှေတိဂုံစေတီတော်ကြီးအား သွားရောက်ဖူးမြော် ကြည်ညိုကြပြီး ရုပ်ရှင်ပြတိုက်ကို သွားရောက်ကြည့်ရှုလေ့လာကြရာ ဒါရိုက်တာဦးတင်ယု၊ဦးချစ်သန်းမြင့်၊ဦးအေးကြူလေး၊ ဒေါ်ခင်လေးသိမ့်၊ အကယ်ဒမီထွန်းထွန်းဝင်း၊မေတ္တာနှင့် ရုပ်ရှင်သရုပ်ဆောင်များက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် စမ်းချောင်းမြို့နယ်ရှိ မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ပြတိုက်မှူး ဒုတိယရဲမှူးဇော်မင်းဦး **(အောက်ပုံ)**နှင့်တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့ ပင်လျမ်းကျေးရွာနေ ဦးမောင်ထီး၏သမီးဖြစ်သူ မခင်စန်းအေး ၁၃/ဟပန(နိုင်)၀၂၉၉၆၆နှင့် နန်းခမ်းသွယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
မခင်စန်းအေး(ခ)နန်းခမ်းသွယ်။

ကျေးဇူးဆပ်ပါမည်
ကျွန်မ နန္ဒာဝင်း၏နိုင်ငံကူးလက်မှတ် အမှတ်–၆၃၂၁၆ဝ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
နန္ဒာဝင်း ဖုန်း–၇၀၁၁၉၆။

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါနှင့်အရေးအသားသင်တန်း
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော အမှန်တကယ်တွေ့တတ် လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်(ပ/၃တွဲ) အမြဲမြို့ဆိုင်တိုင်းတွင်ရပြီ၊ တစ်ပတ် ၂ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်၊အလယ်/အထက်တန်း၊ ဘွဲ့ကြို ဘွဲ့ရ၊ အလုပ်ခွင်ရောက်သူ၊PSC ဖြေဆိုသူ မဖြစ်မနေတက်ပါ။
ဂျူလိုင်လ (၂/၅/၇)ရက်နေ့ (ပ/၃တွဲ)တန်းခွဲသစ်ဖွင့်မည်။
အမှတ် ၂၇၇၊ ပန်းဆိုးတန်းလမ်း၊ ခုံးတံတားထိပ်၊ ရန်ကုန်မြို့
Ph: 286871, 09 51 72096

အမည်ပြောင်းနှင့်မိဘအမည်မှန်

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း အဋ္ဌမတန်း(F)မှ မသဲနန္ဒာထွန်းအား သန်းခေါင်စာရင်းပါအမည်အရ မသက်ဝေထွန်းဟုလည်းကောင်း၊ မိဘအမည်မှန်မှာ ဦးငွေထွန်း ၁၂/လမန(နိုင်)၀၉၀၀၁၈ နှင့်ဒေါ်ခင်သန်းဝင်း ၁၂/ဥကတ(နိုင်)၀၂၈၂၄၄ ဖြစ်ပါကြောင်း။
ဦးငွေထွန်း–ဒေါ်ခင်သန်းဝင်း
မသက်ဝေထွန်း။

ဦးအောင်နိုင်
B.Com (Q), CPA, DA (LCCI), DMAc, CAT, ACCA (Part-2)
Sec (A) ခုံနံပါတ် မရလိုက်သူများအတွက်
LCCI Level 3 တန်းခွဲသစ်
3 July စမည်
၂၆ရ(အထပ်)၊ ပန်းဆိုးတန်း (ထက်) ☎ : 721143, : 09 515 1024

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်မျိုးနိုင်၏ နိုင်ငံကူးလက်မှတ် – ၆၁၇၉၀၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါ။
ဖုန်း–၀၅၉–၂၁၁၀၀။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၁၆၇၇ Mazda၊ L / T- 4 x 2 ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းအေး မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၁၂၉၉၂၆ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံးခွဲ(ရွာသာကြီး)ရုံး (ရန်ကုန်မြို့)။**

ဆရာအာသာ SUCCESS LANGUAGE ACADEMY
B.A, M.A, Dip in E.L.T. ဘွဲ့ရ အတွေ့အကြုံရင့် ဆရာဆရာမများ၏
(အလုပ်ကောင်းရလိုသူများ၊နိုင်ငံခြားသွားမည့်သူများ၊ ကျောင်းသား/သူများနှင့် အားလုံးအတွက်)

ENGLISH SPEAKING	Sep Exam ဝင်လိုသူများအတွက် IELTS
2 July ⇨ 7:30-9:00 a.m. 7 July ⇨ 9:00-12:00 a.m. 9 July ⇨ 3:30-5:00 p.m. 14 July ⇨ 2:00-5:00 p.m.	25 June ⇨ 7:30-9 a.m. (Mon-Fri) Academic Writing (IELTS) 6 Aug ⇨ 10:00-11:45a.m. (Mon -Thurs)
Grammar 9 July ⇨ 3:30-5:00 p.m. Writing 16 July ⇨ 10:00-11:30 a.m.	Intermediate (Academic English) 2 July ⇨ 7:30 - 9:00 a.m. (Mon -Thur:) 13 Aug ⇨ 3:30 - 5:00 p.m. (Mon -Thur:)
Pre-Intermediate 4-Skill English 2 July ⇨ 7:30- 9:00 a.m. 2 July ⇨ 6:00- 7:30 p.m. 16 July ⇨ 1:00- 2:30 p.m.	ကလေးများအတွက် တစ်နှစ်ပတ်လုံးတက်ရမည် Sat+Sun ပုံမှန်အင်္ဂလိပ်စာသင်တန်းများ ၁-တန်း မှ ၉-တန်းအထိ (Level) ၅-ဆင့်

Y.W.C.A အမှတ်(၁၁၉)၊ ဘိုကလေးဈေးလမ်း။ ဖုန်း- 202046, 200601

အခြေခံပညာ မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား/သူများ အင်္ဂလိပ် GRAMMAR ကို အခြေခံကောင်းများ ရရှိစေရန်အတွက်
ထွက်ပြီ ကံ့ကော်ရိပ်
A STUDENT BASIC GRAMMAR
သည် ပြဋ္ဌာန်းစာအုပ်ကို အပြည့်အဝ နားလည်စေရန် အလွယ်ကူဆုံး၊ စနစ်အကျဆုံး၊ ရှင်းလင်းချက်များ၊ စံပြမေးခွန်းပုံစံများဖြင့် ဖော်ပြထားပါသည်။
Grade 4, 6, 7, 8, 9,10 အထိ အတန်းစဉ်ပြဋ္ဌာန်းသင်ရိုးနှင့်အညီ ပြုစုထားသည်။
UTA(ရန်ကုန်တက္ကသိုလ်)၊ နေအဉ္ဇရာ(မဟာဘွဲ့ရတစ်ဦး)
ကောရီစံ စာပေ ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့် ပိုစတာပန်းခြံ၊ ပန်းဘဲတန်းမြို့နယ်။
☎– ၀၉ ၅၁ ၂၉၆၇၀၊ ၀၉၉၉ ၇၀၂၁၄

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်
စာပေ
လေ့လာစို့

Learning from Famous Business Leaders
အကြောင်းဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၂၅

Smart Technical Services Co., Ltd ၏ Managing Director ဦးကျော်ကျော်လှိုင် ဟောပြောသည့် Learning from Famous Business Leaders ဆွေးနွေးပွဲကို ဇွန်၂၃ ရက်တွင် ရန်ကုန်မြို့ Sedona Hotel ၌ကျင်းပခဲ့သည်။

တက်ရောက်

ဟောပြော ဆွေးနွေးပွဲသို့ ကုမ္ပဏီအသီးသီးမှ မန်နေဂျာအဆင့်ဆင့်၊ CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းကို ကြိုတင်ငွေသွင်းဖတ်ရှုသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ တွင် ဦးကျော်ကျော်လှိုင်က နိုင်ငံတကာရှိ အောင်မြင် ကျော်ကြားနေသော စီးပွားရေးပညာရှင် ခြောက်ဦး၏ လုပ်ငန်းများ၊ အတွေးအမြင်များ၊ အောင်မြင်သော အဖွဲ့အစည်းဖြစ်စေရန်တည်ဆောက်ခြင်းအကြောင်း၊ လုပ်ငန်း အောင်မြင်ရေးနည်းလမ်းများမှမည်သည့် အချက်များကို ထုတ်နုတ်လေ့လာ သင်ယူနိုင်သည်တို့ကို ဟောပြောဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးခွန်းများကိုလည်း ပြန်လည်ဖြေကြားသည်။

ပံ့ပိုးကူညီ

ထို့နောက် တက်ရောက်လာသူများအား တူဒေးတိုက်ထုတ် စာအုပ်များကို ၁၀ရာခိုင်နှုန်းလျှော့နှုန်းနှင့် ရောင်းချပေးခဲ့ပြီး အထူးအစီအစဉ်တစ်ရပ်အနေနှင့် လစဉ်ထုတ်မဂ္ဂဇင်းများဖြစ်သည့် Lifestyle မဂ္ဂဇင်းနှင့် CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှုမဂ္ဂဇင်းတို့ကို ၃၃ရာခိုင်နှုန်းလျှော့နှုန်းဖြင့် ကြိုတင်ငွေသွင်း လက်ခံခဲ့သည်။ ၂၀၀၇ခုနှစ်အတွင်း ဒုတိယအကြိမ်မြောက်ကျင်းပသော ယခုဆွေးနွေးပွဲကို MK Fashion နှင့် Scott Tissue တို့က ပံ့ပိုးကူညီခဲ့ပြီး CEO စီးပွားရေးနှင့် စီမံခန့်ခွဲမှု မဂ္ဂဇင်းက စီစဉ်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ ၂၆–၆–၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မြန်မာအမျိုးသမီးများနေ့ ကြိုဆိုဂုဏ်ပြု ခြင်ဆည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲ အင်းတော်မြို့နယ်၌ ကျင်းပ

အင်းတော် ဇွန် ၂၀

၂၀၀၇ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကသာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၏ မိုးရာသီ ခြင်ဆည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုးပွဲတော်အခမ်းအနားကို ဇွန် ၁၃ရက် နံနက် ၈နာရီက အင်းတော်မြို့နယ် နတ်မဟုတ်ကြီးကျေးရွာ ရွှေဘို–မြစ်ကြီးနား ကားလမ်းဘေးတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကသာခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေနှင့်တာဝန်ရှိသူများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုအောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများ၊ နတ်မဟုတ်ကြီးကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေက မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြို့နယ် ကြက်ခြေနီအသင်း၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုဥက္ကဋ္ဌများသို့ စိုက်ပျိုးရန် ခြင်ဆည်းရိုးကြက်ဆူပင်များ ပေးအပ်သည်။

စိုက်ပျိုး

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှဝေနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ချိုချိုအောင်တို့က ခြင်ဆည်းရိုးကြက်ဆူပင်များကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာသည့် အဖွဲ့အစည်းများမှ အဖွဲ့ဝင်များက ကြက်ဆူပင်များကို စိုက်ပျိုးပေးကြကြောင်း သိရသည်။

(၁၃၃)

မေ ၁၇ ရက်က စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် အထူးသန့်ရှင်းရေး ဆောင်ရွက်မှုအဖြစ် ဈေးအတွင်းရှိ ရေမြောင်းများမှ အမှိုက်နှင့် အညစ်အကြေးများ ဆယ်ယူခြင်း၊ ဈေးရုံများနှင့် ပျံကျဈေးတန်းများမှ အမှိုက်များ သိမ်းဆည်းရှင်းလင်းခြင်းတို့ကို အမှုဆောင်အရာရှိ ဦးဝင်းဆွေ ဦးဆောင်ကြီးကြပ်၍ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မြို့မဈေး အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ တိုင်းအဆင့် သိုး၊ဆိတ် မျိုးကောင်းဆုပေးပွဲအခမ်းအနားကို ဇွန် ၆ရက်က မကွေးတိုင်း ဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ သိုးထီးပထမဆုရရှိသော နတ်မောက်မြို့နယ်မှ မြို့နယ်ဦးစီးမှူး ဦးကျော်အောင်အား တိုင်းအတွင်းရေးမှူး ဦးမြင့်သိန်းက ဆုတံဆိပ်နှင့် အလံပေးအပ်စဉ်။ (ခရိုင် ပြန်/ဆက်)

မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့တူးဖော်ဆောင်ရွက်ပြီးခဲ့သည့်ကျေးလက် စက်ရေတွင်းများ ပြင်ဆင်ထိန်းသိမ်းမှုဆောင်ရွက်လျက်ရှိရာ မေ၁၂ ရက်က ဖလံရုံကျေးရွာ စက်ရေတွင်းကို တာဝန်ခံ အင်ဂျင်နီယာ ဦးစိန်သန်းဌေး ကြပ်မတ် စစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

လယ်ဝေး၌ မြန်မာမျိုးပွားကျန်းမာရေးမူဝါဒ အသိပညာပေး ရှင်းလင်း

လယ်ဝေး ဇွန် ၂၀

ပျဉ်းမနားခရိုင် လယ်ဝေး၌ မြန်မာမျိုးပွားကျန်းမာရေး မူဝါဒနှင့် မျိုးပွားကျန်းမာရေး ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း အသိပညာပေးရှင်းလင်းပွဲကို ဇွန်၁၆ရက် နံနက်၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နေပြည်တော် ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသီဂီမြင့်နှင့် တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဦး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပညာပေးဆွေးနွေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဒုတိယဦးစီးမှူး ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသီဂီမြင့် **(အပေါ်ပုံ)** နှင့် ဒေါက်တာဖြူဖြူအေးတို့က စီမံကိန်းနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု ပေးအပ်

ကျောက်တံခါး ဇွန် ၁၄

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာ တွဲဖက်အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၇–၂၀၀၈ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေနှင့် ပညာရည်ချွန်ဆု ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၁၀နာရီက ကျောက်တံခါးမြို့နယ် ကညင်ကျိုးကျေးရွာရှိ ကျောင်းခန်းမဆောင်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၆၇၄ဦးအတွက် အခမဲ့ပညာသင်ကြားနိုင်ရန် မိဘဆရာအသင်းကြေး၊ ဗလာစာအုပ်ဖိုး၊ ကျောင်းသုံးစာအုပ်ဖိုး အပါအဝင် လှူဒါန်းငွေကျပ် ၃၁သိန်းသုံးသောင်းငါးထောင့်ရှစ်ရာကို ရန်ကုန်မြို့နေ ကညင်ကျိုးကျေးရွာသူ ကျေးရွာသားများက စုပေါင်းပေးအပ်လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလှမြင့်က လက်ခံရယူသည်။ **(ယာပုံ)**

ထို့နောက် ပညာသင်နှစ်အတွင်း ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများနှင့် အလှူရှင်များက ပညာရည်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။

(က–ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

မော်လမြိုင်ကျွန်း ဇွန် ၁၈

မော်လမြိုင်ကျွန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၀၇–၂၀၀၈ ခုနှစ်အတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာထောက်ပံ့ပေးအပ်ပွဲကို ဇွန် ၁၅ရက် နံနက် ၉နာရီက မော်ရောခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်း ၄၉ ဦးတို့၏ ဝန်ထမ်းသားသမီး ၇၇ ဦး တို့အား ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၃၄၅၀၀၀နှင့် ကျောင်းသုံးဗလာစာအုပ်၁၂ဒါဇင်တို့ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်**(ယာပုံ)**နှင့် မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်ခင်မေထွေးတို့က ထောက်ပံ့ပေးအပ်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

လှူဒါန်း

ရန်ကုန်တိုင်း အငြိမ်းစား ဒုတိယဝန်ကြီး (သတ္တုတွင်း) ဦးမြင့်သိန်း၏ အသက် (၇၀) ပြည့် မွေးနေ့အထိမ်းအမှတ် အဖြစ် ဒေါ်ခင်မေစန်းက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါ လမ်း မင်းကွန်းဆရာတော် ကြီး ၏

တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ခုနစ်သိန်းကို ဒွိပိဋကဆရာတော် ဘဒ္ဒန္တ ဇဋိလထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ကြီးဂေါက်ကွင်း၌ တစ်ချက်တည်းကျင်းဝင်

တောင်ကြီး ဇွန် ၂၀

ရှမ်းပြည်နယ် ကျန်းမာရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာ စိုင်းခမ်းလှိုင်သည် ဇွန် ၁၇ရက် နံနက်က တောင်ကြီးဂေါက်ကွင်း ကျင်းအမှတ် (၁၇)တွင် MIZUNO သံတုတ်နံပါတ် ၅နှင့် ရိုက်လိုက်သော TOUR SPSEIN NO.1 ဘောလုံးသည် မြက်ခင်းစပ်တွင် ထောက်ပြီး လိမ့်ကာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များ အဖြစ် ဒေါက်တာ ကြည်စိုး(စဝ်စံထွန်း ဆေးရုံအုပ်ကြီး)၊ ဒေါက်တာ အေးချို (လသာ ဆေးခန်း)၊ ဒေါက်တာ ဗလ (မေတ္တာရှင် အခမဲ့ဆေးကုခန်း)တို့ ရှိကြောင်း သိရသည်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ဖခင် ဦးနီဘန်း-မိခင် ဒေါ်အေးမြဦး တို့အားရည်စူး၍ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် (၃)ရပ်ကွက် သစ္စာလမ်း အမှတ် (၄၆၁/က)နေ ဦးတင်သန်း-ဒေါ်အေးယဉ်ဖြူ၊ သမီး မအေးသန်းစု၊ တူမ မဖွားကြည်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာ နိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ အရှင်သုန္ဒရထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့သားသမီးများ ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်

တာချီလိတ် ဇွန် ၁၉

တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့၏ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်အတွက် တပ်ဖွဲ့ဝင် သား သမီးများအား ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၆ရက် နံနက် ၁၀နာရီက တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်က အမှာစကား ပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ တာချီလိတ်ရဲစခန်း၊ တာလေရဲစခန်း၊ ကျိုင်းလပ်ရဲစခန်း၊ မိုင်းလင်းရဲစခန်း၊ ဝမ်ပုံရဲစခန်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များ၏ သား သမီး ၁၉၂ဦးအတွက် ပညာသင်စရိတ်ထောက်ပံ့ငွေ ကျပ် ၉၈၅၀၀၀၊ မူးယစ်(အထူး)အဖွဲ့မှ တပ်ဖွဲ့ဝင်များ၏ သား သမီး ၄၅ဦးအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၁၃၂၀၀၀တို့ကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။ (အောက်ပုံ)

ဆက်လက်၍ အခြေခံပညာ မူလတန်း၊အလယ်တန်း၊အထက်တန်း ကျောင်းသူ ကျောင်းသားများ အတွက် စာရေးကိရိယာများကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်၊ ရဲမှူး(ဦးစီး)ဦးကောက်နှင့် မူးယစ်(အထူး)အဖွဲ့ကြီးကြပ်သူအရာရှိ ရဲမှူး မြင့်ဦးတို့က ကျောင်းသူကျောင်းသား တစ်ဦးချင်းအားထောက်ပံ့ ပေးအပ်သည်။ **(ယာပုံ)**

ယင်းနောက် တပ်ဖွဲ့ဝင်များ ကိုယ်စား တာချီလိတ်ရဲတပ်ဖွဲ့စခန်း၊ စခန်းမှူး၏ဇနီး ဒေါ်မိမိအောင်နှင့် တပ်ဖွဲ့ဝင်များ၏ သားသမီးများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။ ယနေ့ကျင်းပသည့် အခမ်းအနားတွင် တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့၊ တပ်ဖွဲ့ဝင်မိသားစုများ၏ သားသမီး မူလတန်းအဆင့် ၉၉ဦး၊ အလယ်တန်းအဆင့် ၅၈ဦး၊ အထက်တန်းအဆင့် ၄၁ဦး၊တက္ကသိုလ်အဆင့် ၂၉ဦးတို့အား စုစုပေါင်းငွေကျပ်၁၁၇၀၀၀ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်းသိရသည်။ **(၄၂၀)**

စစ်ဆေး

ဘုသီးတောင်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ ပိုင် ပျိုးဥယျာဉ်တွင် အရိပ်ရပင်၊ ပန်းအလှပင်များ ပျိုးထောင်ထားမှုကို မေ ၂၈ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေး အဖွဲ့ ညွှန် ကြား ရေး မှူး

ဦးအုန်းသွင် စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမင်းမင်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရေစီးရေလာကောင်းမွန်ရေး ပုသိမ်မြို့နယ်၌ ဆောင်ရွက်

ပုသိမ် ဇွန် ၉

ပုသိမ်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေး လုပ်ငန်းများကို ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ရက်က ပုသိမ်မြို့ ရယက(၄)နယ်မြေအတွင်းရှိ ချောင်း ချောင်းအတွင်း အမှိုက်များ၊ ရွံ့ညွန်များ ဆယ်တင်တူးဖော်ရှင်းလင်းခြင်းကို ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် အဖွဲ့ဝန်ထမ်းများ၊ ယာဉ်ယန္တရားများနှင့်ပြည်သူများ ဝိုင်းဝန်းဆောင်ရွက်မှုကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ကျောက်တံခါးမြို့နယ်၌ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်

ကျောက်တံခါး ဇွန် ၁၀

ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဖြစ်သည့် ကျောက်တံခါးဒေသ တောင်ခင်ကျေးရွာနှင့် အလိုင်ကျေးရွာ ဆက်သွယ်သည့် အရှည်ပေ ၃၉၆၀၊ အကျယ် ၁၆ ပေရှိ ကျေးလက်မြေသားလမ်း ဖောက်လုပ်ပြီးစီးမှုကို ဇွန် ၃ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်နိုင်မင်းတို့ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးစောဘေးလေဂရေးက ရှင်းလင်းတင်ပြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဗုဒ္ဓဓမ္မဒါန စေတနာရှင်များအဖွဲ့ အခြေခံပညာကျောင်းများသို့ ဘာသာရေးစာအုပ်များ လှူဒါန်းမည်

ရန်ကုန် ဇွန် ၂၄

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာမူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ အခြေခံဘာသာရေးစာအုပ်များ နှစ်စဉ်ပေးပို့လှူဒါန်းလျက်ရှိရာ ယခု ၂၀၀၇ခုနှစ်တွင် (၁၃)ကြိမ်မြောက် ဆက်လက်လှူဒါန်းသွားမည်ဖြစ်သည်။

သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများက ကျောင်းရှိ ဆရာ ဆရာမ အရေအတွက်နှင့် ဘုန်းတော်ကြီးသင် ကျောင်းအုပ် ဆရာတော် အရေအတွက်တို့ကို ဖော်ပြပြီး စာတိုက်မှရောက်ရှိနိုင်မည့် လိပ်စာကို ရေးသား၍ ဗုဒ္ဓဓမ္မဒါန စေတနာရှင်များအဖွဲ့ အမှတ် (၁၂) မြို့သစ် ၁လမ်း ကျောက်မြောင်း တာမွေမြို့နယ် ဖုန်း-၅၄၂၂၃၆ သို့ အောက်တိုဘာ ၃၀ရက် နောက်ဆုံးထားပြီး အလှူခံစာများ ပေးပို့နိုင်သည်။

ယင်းသို့ စာအုပ် လှူဒါန်းလိုသူ သို့မဟုတ် စာအုပ်ဖိုး လှူဒါန်းလိုသူများလည်း ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဝမ်းတွင်းမြို့၌ ကျောင်းနေရန် ချို့တဲ့သောကလေးများအတွက် ငွေလှူဒါန်း

ဝမ်းတွင်း ဇွန် ၈

၂၀၀၇-၂၀၀၈ ပညာသင်နှစ် ကျောင်းအပ်နှံရေးအခမ်းအနားကို မေ ၂၉ရက် နံနက် ၁၀နာရီက အလကခွဲ ဝမ်းတွင်း(၁)၌ကျင်းပသည်။ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးဟန်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၄၅ဦး တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဟန်စိုးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်ညိုက ကျောင်းအပ်နှံရေး၊ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းရောက်ရှိရေးကိစ္စများ ရှင်းလင်းပြောကြား၍ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ကျောင်းနေရန် ချို့တဲ့သော ကျောင်းသား ကျောင်းသူများအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်တစ်သိန်း၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ်တစ်သိန်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သိန်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ငွေကျပ်ငါးသောင်း၊ မြို့မိမြို့ဖများက ငွေကျပ်ငါးသိန်းငါးသောင်းရှစ်ထောင့်နှစ်ရာတို့ကို လှူဒါန်းခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ICDL International Computer Driving Licence
မိမိတတ်မြောက်ထားသော Computer ကျွမ်းကျင်မှုကို နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် လိုချင်သူများအတွက် ICDL လက်မှတ်များရရန် Online Test ဖြေဆိုလိုက်ကြပါစို့.....
"ICDL CAN FILL THE GAPS ON YOUR CV"
ICDL Approved Test Centre
Ocean Gate Training Centre
No. 355, Room 206, Thein Phyu Road, Mingalar Taung Nyunt.
Phone: 380130 e-mail: oceangate@myanmar.com.mm

FORWARD English Language Centre
ဒေါ်ညွှန့်ညွှန့်ဝင်း B.A (English), M.Phil, M.A, Dip (Canada)
General English IELTS
- INTERMEDIATE / UPPER INTERMEDIATE
ကျောင်းသား/ကျောင်းသူများ လုပ်ငန်းခွင်ဝင်လိုသူများ နိုင်ငံခြားသွားမည့်သူများအတွက်
Speaking, Listening, Reading, Writing & Grammar
အမှတ်-၈၃၃ (ပ)ထပ် မဟာဗန္ဓုလလမ်းနှင့် ဉ-လမ်းထောင့် (ကားမှတ်တိုင်ရှေ့) လမ်းမတော်မြို့နယ်။
☎ - 227082

ကျေးဇူးဆပ်ပါမည်
ကျွန်တော်မောင်သန့်ဇင် စီဒီစီ ၁၇၅၁၉ ၏ မိသားစုငွေလွှဲစာရွက်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း–၆၈၀၀၀၈။

သွားချင်တဲ့ ခရီး ကိုသွား ငှားချင်တဲ့ ကား ကိုငှား
TOP 243363 705877
ကို ၂၄နာရီဖုန်းဆက်လိုက်ပါလား။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ထား။ van, saloon ကားများငှားရန်ရှိသည်။

သင့်သွေးဖြင့် အသက်ကယ်ပါ။

စီမံကိန်းတာဝန်ပေးအပ်ပွဲ တမူး၌ကျင်းပ

တမူး ဇွန် ၁၀

တမူးခရိုင်၏ ၂၀၀၇–၂၀၀၈ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မေ ၂၅ရက် နံနက် ၉နာရီက ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဦးလှုဖေဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းထွန်းမြတ်က စီမံကိန်းလျာထားချက်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအေးမြင့်က စိုက်ပျိုးရေး စီမံကိန်းလျာထားမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စီမံကိန်းတာဝန်များကို သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ ရပ်ကွက်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများသို့ ပေးအပ်ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)



မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း အသိပေး ရှင်းလင်းဆွေးနွေးပွဲ တပ်ကုန်းမြို့နယ်၌ ကျင်းပ

တပ်ကုန်း ဇွန် ၁၇

မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း အသိပေး ရှင်းလင်းပွဲကို ဇွန် ၁၂ ရက် နံနက် ၁၀ နာရီခွဲက တပ်ကုန်းမြို့နယ် ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေး ဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိင်္ဂီမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစန်းစန်းဦးနှင့် ကွင်းဆင်းအရာရှိ ဒေါက်တာဖြူဖြူအေး၊ တပ်ကုန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ တပ်ဖွဲ့၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ငွေစံက ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး **(အပေါ်ပုံ)** ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျန်းမာရေးဌာနစိတ်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သိင်္ဂီမြင့်က မျိုးဆက်ပွားကျန်းမာရေး မူဝါဒအကြောင်း အသိပေး ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစန်းစန်းဦးက မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ငါးနှစ်တာ မဟာဗျူဟာစီမံကိန်း ၂၀၀၄–၂၀၀၈ ကို အသိပေး ရှင်းလင်းသည်။

ယင်းနောက် တက်ရောက်လာကြသော လူမှုရေးအဖွဲ့အစည်းများနှင့် ကျန်းမာရေးဝန်ထမ်းများက သိလိုသမျှများနှင့် အကြံပြုချက်များ တင်ပြဆွေးနွေးရာ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိင်္ဂီမြင့်က ပြန်လည်ရှင်းလင်း ဆွေးနွေးကြောင်း သိရသည်။ (၂၆၆)

လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်၊ ကျေးရွာပေါင်းစုံ ဘောလုံးပြိုင်ပွဲ ရွှေညောင်ကွင်းအုပ်စုဖွင့်ပွဲအခမ်းအနားကို မေ ၁၇ရက်က ညောင်ရွှေမြို့နယ် အားကစားကွင်း၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်စွာနှင့် ဘောလုံးဆပ်ကော်မတီမှ တာဝန်ရှိသူများက ပြိုင်ပွဲဝင်ဘောလုံးသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်စဉ်။ (မြို့နယ် အား/ကာ)

လားရှိုး မြို့မဈေး၌ ယင်အန္တရာယ်ကင်းရှင်းရေး ယင်လုံဆန်ခါဖြင့် ရောင်းချ

လားရှိုး ဇွန် ၂

လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း ယင်အန္တရာယ်ကင်းဝေးစေရေးအတွက် စားသောက်ဆိုင်များကို ယင်လုံသံဆန်ခါဖြင့် ရောင်းချစေရေးကို မေ ၂၀ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးမှူး(၂) ဦးညဏ်လင်းမောင်နှင့်ဒုတိယဦးစီးမှူး (ဈေး) ဦးသန်းမြင့်စိုးတို့ကြီးကြပ်ဆောင်ရွက်ပေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဇွန် ၁ ရက်က အခြေခံပညာ အထက်တန်းကျောင်း လမ်းတစ်လျှောက် ရေမြောင်းတူးဖော်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်နေခြည်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သာယာဝတီခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မေသက်ခိုင်နှင့် အဖွဲ့ဝင်များ၊ လက်ပံတန်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငွေးကြည်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အမျိုးသမီးရေးရာအဖွဲ့ဝင်များစုပေါင်း၍ ဇွန် ၁၀ရက်က ကြို့ပင်စခန်းအုပ်စု ကညင်တန်းကျေးရွာသွား လမ်းမ၌ ခြံစည်းရိုးကြက်ဆူပင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြို့နယ်သတင်းများ

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ပထမဝါဆိုလဆန်း ၁၃ ရက်
၂၇–၆–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မေတ္တာသုတ်နှင့် ခန္ဓသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အရည်အသွေးမြင့်မား ပြင်ဦးလွင်၏ ဒေသထွက်ကုန်များ)
၁၂:၀၀ ယဉ်ကျေးမှုအနုပညာ (ခတ်ညွှန်း မဟုတ် လွမ်းချင်းတစ်ပုဒ် ထဲက နန်းညွှန့်ရိုန်) မင်းသျှင်အောင်(တွံတေး)
၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး (ခေါင်းဆောင်ကောင်းဆိုသည်မှာ ဆက်သွယ်ရေးနည်းပညာများကို ကျွမ်းကျင်သူဖြစ်ရပါမည်) (ဒေါက်တာမတင်ဝင်း– ပညာရေးတက္ကသိုလ်)
၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) မာရဝိဇယဘွဲ့(သီတာအေး)
(၂) ဥတေနကြိုး(ဇာနည်မော်)
(၃) ပန်းရဂုံညာပတ်ပျိုး(ကိုထွန်းရွှေ)

ညနေပိုင်း

၁၇:၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မောင်မောင်သတ္တိနည်း (တက္ကသိုလ်နီနီမာ)
(၂) ကျမျက်ရည်မကြေညာစတမ်း (မောင်မောင်ကြီး)
(၃) လွမ်းဖို့ရန်အသင့်ရှိတယ် (လုမိအေး)
၁၇:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ (အုန်းနို့ငါးခြောက်ချက်၊ ပဲနောက်စေ့ ဟင်းချိုနှင့်သရက်ချဉ်သုပ်)
၁၇:၄၅ သူ့လက်သံ (အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ ရန်ကုန်တိုင်းမှ မဆုရည်ကိုကို၏ စောင်းလက်သံ)
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အင်္ဂလိပ်စာ မခက်ပါ (ဦးဝမ်ထိန်)
(၂) ဟာသအတွေးအမှတ်(၂) (ကောင်းသန့်စီစဉ်သည်)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (Excellent တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် ချစ်နေရရင်ပြီးတာပဲတေးစီးရီး)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ခက်ခက်ကိုမှ လိုချင်တယ် (စန္ဒရားချစ်ဆွေ)
(၂) ကျိန်စေချင်ကျိန်ပါ့မယ် (ခင်နှင်းသန့်)
(၃) စပယ်ဖြူတုန်းမှ မုန်းမယ်) (ရွှေခယ်ကြည်လွင်)

ပြည်သူများအပေါ် အခွင့်အာဏာပြပြီး လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမျိုး ရှောင်ကြဉ်
စည်ပင်သာယာရေးလုပ်ငန်းများ၌ ဘဏ္ဍာငွေကို ထိထိရောက်ရောက် အကျိုးရှိအောင်သုံးစွဲ
စီမံကိန်းများ ရည်မှန်းချက်ပြီးမြောက်ရေး စေတနာအပြည့်အဝဖြင့် စွမ်းစွမ်းတမံဆောင်ရွက်
ပြည်သူများ ယုံကြည်အားကိုးခြင်းခံရသည့် ဝန်ထမ်းများဖြစ်စေရေး ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၂၅

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၇ နာရီခွဲက နေပြည်တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး အကောင်းဆုံးမြို့နယ်ဆုများကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၉ ကော်လံ ၁ ✻

အမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်
နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲ တက်ရောက်
ကာကွယ်ရေးအသင်းနှင့် စွမ်းအင်အသင်းယှဉ်ပြိုင်မှု ကြည့်ရှု

နေပြည်တော် ဇွန် ၂၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အမှတ်(၁)နေပြည်တော်အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်အားပေးချီးမြှင့်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

ဇွန် ၂၅ ရက် ပြိုင်ပွဲရလဒ်

ကာကွယ်ရေးဝန်ကြီးဌာန ၉ – ၀ စွမ်းအင်ဝန်ကြီးဌာန

ယနေ့ကစားမည့်ပွဲစဉ်

နေ့ရက်/အချိန်	အုပ်စု	ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနအသင်း
၂၆-၆-၂၀၀၇ နံနက် ၇း၃၀ နာရီ	အုပ်စု(င)	သာသနာရေးအသင်းနှင့် ပြန်ကြားရေးအသင်း (ပေါင်းလောင်းအားကစားကွင်း)
၂၆-၆-၂၀၀၇ ညနေ ၄ နာရီ	အုပ်စု(စ)	အားကစားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁)လျှပ်စစ်စွမ်းအားအသင်း (ပေါင်းလောင်းအားကစားကွင်း)
၂၆-၆-၂၀၀၇ ညနေ ၄ နာရီ	အုပ်စု(စ)	ရှေ့နေချုပ်ရုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအသင်း (လယ်ဝေးမြို့နယ်အားကစားကွင်း)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်
* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်
* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး